# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလဆန်း (၇)ရက် ၊ ကြာသပတေးနေ့ ၊ (25-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၃၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ မဲပေးတယ်ဆိုတာ သင့်အနာဂတ်ကို သင်ကိုယ်တိုင် ဆုံးဖြတ်လိုက်တာပါ။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ရေ) ဖွဲ့စည်းတည်ထောင်မှု ၇၈ နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## တပ်မတော်(ရေ)အနေဖြင့် ရှိပြီးဖြစ်သည့် ကောင်းမွန်သောအစဉ်အလာများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းလက်ဆင့်ကမ်းကာ တပ်မတော်(ရေ)နှင့် တပ်မတော်၏ဂုဏ်ကို ထိန်းသိမ်းသွားကြရမည်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တပ်မတော် (ရေ) ဖွဲ့စည်းတည်ထောင်မှု ၇၈ နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# ရာသီတုပ်ကွေးရောဂါ သတိပြုကာကွယ်ပါ

ကမ္ဘာပေါ်၌ ကူးစက်ပျံ့နှံ့မှုအမြန်ဆုံးနှင့် အဖြစ်အများဆုံးရောဂါများတွင် ရာသီတုပ်ကွေးရောဂါသည် တစ်ခုအပါအဝင်ဖြစ်သည်။ ရာသီတုပ်ကွေးရောဂါသည် ရာသီအကူးအပြောင်းကာလ၊ အေးသောဆောင်းရာသီကာလတွင် ဖြစ်ပွားလေ့ရှိသည်။ ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးဗိုင်းရပ်ပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး အသက်ရှုလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သည်။ ထို့ကြောင့် ရာသီအကူးအပြောင်းနှင့် ယခုလို အေးသောဆောင်းရာသီတွင် ရာသီတုပ်ကွေးရောဂါမဖြစ်စေရန် သတိပြုနေထိုင်ကြရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလမှစတင်၍ ရာသီတုပ်ကွေးရောဂါကူးစက်ဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်လည်းကောင်း၊ အာရှဒေသအပါအဝင် ကမ္ဘာ့ဒေသများတွင်လည်းကောင်း မြင့်တက်လျက်ရှိသည်။ ယခုနှစ်တွင် ကမ္ဘာ့ဒေသအသီးသီး၌ Influenza A($H_3N_2$)ရာသီ တုပ်ကွေးရောဂါပိုးသည် အဓိကကူးစက်ဖြစ်ပွားသည့် ရာသီတုပ်ကွေးရောဂါအမျိုးအစားဖြစ်ပြီး Influenza A($H_3N_2$) Subclade K ရောဂါပိုးကူးစက်မှုကိုလည်း ပြီးခဲ့သောခြောက်လအတွင်း ကမ္ဘာ့နိုင်ငံ ၃၄ နိုင်ငံတွင် တွေ့ရှိခဲ့သော်လည်း မြန်မာနိုင်ငံတွင် မတွေ့ရှိရသေးကြောင်း သိရသည်။ ၎င်းရောဂါပိုးများ ကူးစက်မခံရစေရန် ရောဂါပိုးကာကွယ်နိုင်မည့် ကိုယ်ခံစွမ်းအားရှိရေးအတွက် အစားအသောက်၊ အနေအထိုင်၊ အပြုအမူကို ဆင်ခြင်ကြရပါမည်။ ထို့ပြင် အဆိုပါရောဂါပိုးကို လက်ရှိအသုံးပြုနေသည့် တုပ်ကွေး ရောဂါကာကွယ်ဆေးများနှင့် ကုသသည့်ဆေးဝါးများဖြင့်လည်း ကာကွယ်ကုသနိုင်ခြင်းတို့ကြောင့် ပြည်သူလူထုအနေဖြင့် အထူးစိုးရိမ်ရန်မလိုပေ။

ရာသီတုပ်ကွေးရောဂါပိုးသည် အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ခံအားစနစ်ကျဆင်းနေသူများ၊ ဆီးချိုသွေးချိုရောဂါ၊ နှလုံးရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ ကင်ဆာရောဂါနှင့် အာရုံကြောရောဂါကဲ့သို့သော နာတာရှည်ရောဂါအခံရှိသူများနှင့် ကိုယ်ဝန်ဆောင်များတွင် ရောဂါကူးစက်ဖြစ်ပွားပါက ရောဂါပိုမိုပြင်းထန်နိုင်ခြေရှိသည်။ ရာသီတုပ်ကွေးရောဂါပိုးသည် ချောင်းဆိုးခြင်း၊ နှာချေခြင်းမှထွက်ရှိသည့် အစက်အမှုန်များမှတစ်ဆင့် ကူးစက်ခြင်း၊ ရောဂါကူးစက်ခံရသူနှင့်ထိတွေ့ခြင်း သို့မဟုတ် လက်ဆွဲနှုတ်ဆက်ခြင်း အစရှိသော အနီးကပ်ထိတွေ့ခြင်း၊ ရောဂါပိုးကပ်ငြိနေသည့် အရာဝတ္ထုအသုံးအဆောင်ပစ္စည်းများနှင့် မျက်နှာပြင်များမှတစ်ဆင့် ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့ကို ထိတွေ့ခြင်းတို့မှကူးစက်နိုင်သည်။

ရာသီတုပ်ကွေးရောဂါပိုးကဲ့သို့သော လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ ကူးစက်မခံရစေရန် ကာကွယ်သည့်အနေဖြင့် ဆပ်ပြာရည် သို့မဟုတ် ရေမလိုလက်သန့်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ ရောဂါပိုးကူးစက်ခံရသူ သို့မဟုတ် သံသယလူနာများနှင့် ခပ်ခွာခွာနေခြင်း၊ ဖျားနာခြင်း အစရှိသော သံသယလက္ခဏာရှိသူများအနေဖြင့် နှာချေချောင်းဆိုးခြင်းခံစားနေရပါက ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကာကွယ်ခြင်းသည် ကုသခြင်းထက်ပို၍ ကောင်းမွန်သည်ဆိုသောစကားအရ ပြည်သူများအနေဖြင့် ယခုရာသီတွင်အဖြစ်များသောရာသီတုပ်ကွေးရောဂါကို ကာကွယ်ဆေးကြိုတင်ထိုးနှံခြင်းဖြင့် ရောဂါဖြစ်ပွားနိုင်ခြေအလားအလာလျော့ကျစေမည်ဖြစ်သည့်အပြင် အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ၊ ဗီတာမင်စီကြွယ်ဝသောအသီးများစားသုံးပေးခြင်းဖြင့်လည်း ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၃
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်ကြီးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

# ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၁၆၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကသာ ဒီဇင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၁၁၆၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် မြေထောက်ပဲ ၁၄၅၃၇ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၆၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ မြေထောက်ပဲ ၁၄၅၃၇ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၁၆၄၅ ဧကစိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေထောက်ပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ ပံ့ပိုးပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်း ဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပလာတူးငါး ပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ငပုတော ဒီဇင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပလာတူးငါး ပိဿာချိန်အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ အောက်တိုဘာလအတွင်း ပလာတူးငါး ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ပလာတူးငါး ပိဿာချိန် ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာလအတွင်း ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပလာတူးငါး ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပလာတူးငါးတွေအပြင် ရေထွက်ကုန်တွေကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိမှာလဲ ပလာတူးငါးတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန္ဒာလင်းက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါး ၁၀ ပိဿာလျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ပလာတူးငါးအပါအဝင် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သားဖွားသင်တန်းကျောင်း(မန္တလေး)တွင်ကျင်းပသည့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း ဘွဲ့လက်မှတ်အပ်နှင်းပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်





**မန္တလေး ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ သားဖွားသင်တန်းကျောင်း(မန္တလေး)တွင် ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်း ဘွဲ့လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သူနာပြုတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ သူနာပြုသင်တန်းကျောင်းအုပ်ကြီး၊ ဆေးရုံအုပ်ကြီးများ၊ သင်တန်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်းဂုဏ်ပြုအမှာစကား ပြောကြားရာတွင် နိုင်ငံတော်က ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသောသားဖွားဆရာမများ မွေးထုတ်ပေးနိုင်ရေးကို အလေးထားကာ စီမံဆောင်ရွက်ပေးနေကြောင်း၊ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ကဏ္ဍများတွင် မိခင်နှင့်ကလေးများအတွက် ပထမဦးဆုံး စောင့်ရှောက်မှုပေးသည့် သားဖွားဆရာမများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးကြောင်း၊ အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများကို အသုံးပြု၍ ပြည်သူများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြုစုပေးနိုင်ပြီး မှန်ကန်သည့်ခံယူချက်ရှိသော နိုင်ငံ့ဝန်ထမ်းကောင်း သားဖွားဆရာမ များစွာလိုအပ်ကြောင်း၊ နှစ်နှစ်တာကာလအတွင်း ကြိုးစားအားထုတ်သင်ယူခဲ့သည့် အသိပညာအတတ်ပညာများကိုတစ်ဆင့်ထက်တစ်ဆင့် တိုးတက်အောင်၊ ပြည်သူများကို ဘေးကင်းလုံခြုံစိတ်ချရပြီး အရည်အသွေးရှိသော သူနာပြုစုမှုပညာများဖြင့် ပြုစုစောင့်ရှောက်မှုပေးပြီး အားကိုးယုံကြည်ထိုက်သော သားဖွားဆရာမများဖြစ်အောင် ကြိုးစားနေကြရမည်ဖြစ်ကြောင်း၊ မွန်မြတ်သောအလုပ်ဖြစ်၍ စေတနာအရင်းခံပြီး ယဉ်ကျေးသိမ်မွေ့စွာဖြင့် ပြုမူ ဆက်ဆံသွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သားဖွားသင်တန်းကျောင်း(မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်က သင်တန်းဆင်းအမှာစကားနှင့် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားတို့ကို ပြောကြားခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဘက်စုံသားဖွားဒီပလိုမာ (၂)နှစ်သင်တန်း ဘွဲ့လက်မှတ်ရရှိသူများနှင့် တက်ရောက်လာသည့် မိဘဆွေမျိုးများကို ရင်းနှီးစွာလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ် သင်တန်းဘွဲ့လက်မှတ် အပ်နှင်းပွဲအခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းခဲ့ပြီး သားဖွားသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်ခင်ချိုမြင့်က ဘက်စုံသားဖွား(ဒီပလိုမာ) ဘွဲ့လက်မှတ်များကို သင်တန်းသူ ၉၅ ဦးအား အပ်နှင်းခဲ့ကြောင်း၊ ယနေ့အချိန်အထိ သားဖွားသင်တန်းကျောင်း (မန္တလေး)မှ ဘက်စုံ သားဖွားဆရာမပေါင်း ၃၈၅၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၉၉၁၀ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၉၉၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်းဧက ၃၃၁၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၉၉၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ဖူးစားပြောင်းဧက ၃၀၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာ ဧက ၁၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးရာမှာ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့ အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၄၂၀၇ ဧက၊ ကနီမြို့နယ်တွင် ဧက ၈၈၈၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၂၂၉၀၊ ပုလဲမြို့နယ်တွင် ၄၅၃၃ ဧက စုစုပေါင်းဧက ၁၉၉၁၀ ဖြစ်ကြောင်း၊ ဖူးစားပြောင်း စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၉၁၅၅ ဧက၊ ကနီမြို့နယ်တွင် ဧက ၆၂၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၃၂၄၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၄၅၀၀ စုစုပေါင်းဧက ၃၃၁၀၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေးနှင့်သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧက စိုက်ပျိုးပါက ပြောင်းဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိပြီး ကုန်ကျစရိတ်ငွေကျပ် ငါးသိန်းကျော်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် အောက်တိုဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် စပါးများကိုဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို နိုဝင်ဘာလတွင်းမှာ ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က ပေါ်ဆန်းဆန်တွေကို ပြည်တွင်းဆန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လက်ရှိ ဒေသထွက် မိုးစပါးလက်ကျန် အဟောင်းတွေကို ဝယ်ယူကြိတ်ခွဲပြီး ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဆန်ဈေးကလဲ ပုံမှန်အခြေအနေမှာ ရှိနေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိ ဒီဇင်ဘာလထဲမှာလဲ ဆန်တွေအဝယ်လိုက်နေပါတယ်"ဟု လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များကို အဆက်မပြတ်တင်ပို့ရောင်းချနေရခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ၊ စပါးစိုက်ပျိုးတောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ လုပ်ငန်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရာဇဝင်သံပေါက်စာဆိုဦးအေး

ဗိုလ်ရှိတ်(ရတနာပူရ)

**❖ ဆရာကြီး သခင်ကိုယ်တော်မှိုင်းပြုစုသော မှန်နန်းရာဇဝင်တော်သစ်တွင် ဦးအေး၏ ရာဇဝင်ချုပ်သံပေါက်များပါ၏။ မှန်နန်းရာဇဝင်တော်သစ်တွင် ဖော်ပြထားသော ရာဇဝင်ချုပ်သံပေါက်မှာ အပြည့်အစုံမဟုတ်ပေ။ "ကလေးမြို့ပိုင် ထီးရိုင်တိုင်း လှိုင်အံ့ ခုနစ်လဆင်း"ဟူသောသံပေါက်တွင် အဆုံးသတ်ထား၏။ သံပေါက်အရ ကလေးကျေးတောင်ညိုမင်းလက်ထက်ထိသာ ဖော်ပြထားသည်။ နောက်ပိုင်းမင်းဆက် သံပေါက်များကို ဖော်ပြမထားပေ။ ❖**

ဦးအေးသည် ကုန်းဘောင်ခေတ်လယ်ကာလတွင် ထင်ရှားသောစာဆိုတော်တစ်ဦးဖြစ်သည်။ ဦးအေး၏ဖခင်မှာ မြန်မာစာပေသမိုင်းတွင် အလွန်ထင်ပေါ်ကျော်ကြားသော စာဆိုတော်ကြီး လက်ဝဲသုန္ဒရဖြစ်သည်။ လက်ဝဲသုန္ဒရအမတ်ကြီးနှင့် ဇနီး ဒေါ်ရွှဲတို့မှ သားနှစ်ဦးနှင့်သမီးတစ်ဦးမွေးဖွားခဲ့သည်။ အကြီးဆုံးမှာ ဦးအေးဖြစ်၍ အလတ်မှာ ဦးရွှေသားဖြစ်သည်။ အငယ်ဆုံးမှာ မလွန်မယ်ဖြစ်သည်။

ဦးအေးသည် ဖခင်လက်ဝဲသုန္ဒရ၏ခြေရာကို နင်းနိုင်သူဟုဆိုနိုင်သည်။ ဦးအေးရေးဖွဲ့ခဲ့သော စာပေများသည် မြန်မာစာပေစင်မြင့်တွင် ငွားငွားစွင့်စွင့် ပွင့်လန်းလျက်ရှိသည်။ ဦးအေးသည် မြန်မာစာပေသမိုင်းတွင် ထင်ရှားကျော်ကြားသူဖြစ်သော်လည်း ဆရာကြီး ဦးဖေမောင်တင်ပြုစုသော မြန်မာစာပေသမိုင်းတွင် ဦးအေး၏အကြောင်းကို မှတ်တမ်းတင်မခံရရှာပေ။ ထို့အတူ ဆရာလှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိတွင်လည်း ဦးအေး၏အတ္ထုပ္ပတ္တိကို ဖော်ပြမထားပေ။

ဗိုလ်မှူးဘသောင်းပြုစုသော စာဆိုတော်များ အတ္ထုပ္ပတ္တိတွင်ကား ဦးအေး၏အကြောင်းကို "တရားမ တရားသူကြီးဦးအေး"ဟူသောခေါင်းစဉ်ဖြင့် ဖော်ပြ၍ထား၏။ ဗိုလ်မှူးဘသောင်းသည် မှော်ဘီဆရာသိန်း၏အရှူးလွယ်အိတ်စာတမ်း၊ ပါးစပ်ရာဇဝင်တို့ကိုကိုးကား၍ ဦးအေး၏အကြောင်းကို ဖော်ပြထားခြင်းဖြစ်သည်။ စာဆိုတော်များ အတ္ထုပ္ပတ္တိတွင် ဦးအေးသည် ဘကြီးတော်စစ်ကိုင်းမင်းနှင့် ငယ်သူငယ်ချင်းဖြစ်ကြောင်း၊ ဦးအေးသည် ရေကြည်ဝန်၊ အသည်ဝန်၊ အတွင်းဝန်၊ မိုးနဲတပ်စစ်ကဲကြီး၊ မြင်းခုံတိုင်မြို့စား၊ တရားမ တရားသူကြီး၊ မင်းကြီးအတုလမဟာဓမ္မိကရာဇာဘွဲ့များရရှိခဲ့ကြောင်းသာ ဖော်ပြထားသည်။ ထို့ထက်ပို၍ ဦးအေးအကြောင်းကို ဖော်ပြထားခြင်းမရှိပေ။

မင်းတုန်းမင်းလက်ထက်တွင် ပြုစုခဲ့သော ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်း၌ ဦးအေးအကြောင်းကို အသေးစိတ်ဖော်ပြထား၏။ ထို့ပြင် ဦးအေးပြုစုခဲ့သော စာပေစာရင်းကိုပါ ဖော်ပြထားသည်။ ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များ အတ္ထုပ္ပတ္တိထက်ပို၍ ပြည့်စုံသည်ဟုဆိုနိုင်သည်။ ထို့ကြောင့် ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းမှ ဦးအေး၏အတ္ထုပ္ပတ္တိကိုမူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

"တရားသူကြီး လက်ဝဲသုန္ဒရသား ဦးအေးအကြောင်းကား ဘုရားဘေးတော်ဘုရားလက်ထက်တော် အသက် ၁၂ နှစ်အရွယ်က ရွှေနန်းတော်တွင် ထမ်းရွက်ရသည်။ ၁၅ နှစ်အရွယ်တွင် ရေကြည်မှူး ခန့်တော်မူလျှင် မြင်းမူရွာကိုစား၍ ၅၀ တော် သွေးသောက်ကြီးခန့်သည်။ "စည်သူရွှေတောင်"၊ "ရွှေတောင်စည်သူနော်ရထာ"ဘွဲ့ကိုလည်းခံရသည်။

ဘုရားဘကြီးတော်ဘုရားလက်ထက် "အသည်ဝန်"ခန့်တော်မူသည်။ သမီးတော်ချောင်း ရွှေနားတော်သွင်းကိုလည်း အမိန့်တော်နှင့်လုပ်ရသည်။ နောက်မိုးနဲမြို့ စစ်ကဲဝန်ခန့်ပြန်သည်။ နောက် အတွင်းဝန်ခန့်၍ စို့လေးဆယ် ဒိုင်းဝန်းကျင် သေနတ်၊ စွန်းလွန်းသေနတ်၊ လှော်ကားတော်ကြီး လေးစင်းများကိုလည်း အုပ်ထိန်းရသည်။ နောက် အမရပူရမြို့ကို မြို့ဝန်ခန့်၍ ကွဲ့ဘိုးကိုလည်း စားသည်။ အတွင်းဝန်ခန့်တော်မူပြန်သည်။ "မဟာမင်းလှနော်ရထာ"၊ "မဟာအတုလသီဟသူ"၊ "မင်းကြီးအတုလမဟာသီဟသူ"ဘွဲ့ကိုလည်း သနားတော်ခံရသည်။ "မင်းဆက်ရာဇဝင်ချုပ်သံပေါက်"ကိုလည်း ရေးသည်။

ဘုရားခမည်းတော်ဘုရားလက်ထက် တရားသူကြီးခန့်တော်မူ၍ မြင်းခုံတိုင်မြို့တရားရုံး ကွဲ့ဘိုးများကိုလည်း စားရသည်။ ဘုရားသမီးတော် ဘုရားနားတော်ထွင်းတွင် မင်္ဂလာရတုလျှောက်ရသည်။ ဘုန်းတော်ကြီးလှသောဘုရား လက်ထပ်တော်မူသည့် မင်္ဂလာရတုကိုလည်း အမိန့်တော်နှင့်လုပ်ရ၍ ကျောက်စီတောင်ဝှေး သနားတော်မြတ်ခံရသည်။ "မင်းကြီးအတုလမဟာဘိနန်သူ"၊ "မင်းကြီးအတုလမဟာ ဓမ္မိကရာဇာ"ဘွဲ့ကိုလည်း သနားတော်မြတ်ခံရသည်။ မတဲ့သို့ ထွက်စံတော်မူရာ နောက်တော်ပါ၍ အသက် ၇၄ နှစ်အတွင်းဝင်တွင် သေလွန်လေသည်"ဟူ၍ဖြစ်သည်။

ဦးအေးပြုစုခဲ့သော စာစုစာရင်းကိုလည်း သမီးတော်ချောင်း၊ ရွှေနားတော်သွင်း၊ မင်းဆက်ရာဇဝင်သံပေါက်၊ သမီးတော်ဘုရားနားထွင်းရတု၊ ဘုန်းတော်ကြီးဘုရားလက်ထက် မင်္ဂလာရတုဟူ၍ ဖော်ပြထားသည်။

ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းအရ ဦးအေးသည် ဘိုးတော်ဗဒုံမင်းလက်ထက် အသက် ၁၂ နှစ်အရွယ်ကတည်းကပင် နန်းတော်အတွင်း၌ အမှုထမ်းခဲ့သူဖြစ်ကြောင်း သိနိုင်သည်။ ဘိုးတော်ဗဒုံမင်း၊ ဘကြီးတော်စစ်ကိုင်းမင်း၊ သာယာဝတီမင်းတို့လက်ထက်တွင် ဦးအေးသည် ဘွဲ့တံဆိပ်အမျိုးမျိုးရရှိခဲ့သည်။ ဦးအေးရရှိခဲ့သော ဘွဲ့တံဆိပ်တို့မှာ-

၁။ စည်သူရွှေတောင်

၂။ ရွှေတောင်နော်ရထာ

၃။ မဟာမင်းလှနော်ရထာ

၄။ မဟာအတုလသီဟသူ

၅။ မင်းကြီးအတုလမဟာသီဟသူ

၆။ မင်းကြီးအတုလမဟာဘိနန်သူ

၇။ မင်းကြီးအတုလ မဟာဓမ္မိကရာဇာဘွဲ့တို့ကို ရရှိခဲ့သည်။ ထို့အတူ ဦးအေးရရှိခဲ့သော ရာထူးတို့မှာလည်း-

၁။ ရေကြည်မှူး

၂။ ၅၀ တော် သွေးသောက်ကြီး(မြင်းမူရွာစား)

၃။ အသည်ဝန်

၄။ မိုးနဲမြို့စစ်ကဲဝန်

၅။ အတွင်းဝန်

၆။ အမရပူရမြို့ဝန်

၇။ တရားသူကြီးတို့ဖြစ်သည်။

ဦးအေးသည် ဘိုးတော်ဗဒုံမင်းလက်ထက်မှ သာယာဝတီမင်းလက်ထက်ထိ ဘွဲ့အမျိုးမျိုး၊ ရာထူးအမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော်လည်း ဦးအေး၏ မွေးဖွားနှစ်နှင့် ကွယ်လွန်နှစ်ကိုမသိရသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ အသက် ၇၄ နှစ်အဝင်တွင် ကွယ်လွန်သည်ဟူ၍သာ သာမန်အားဖြင့် သိရသည်။ ဦးလေး၏ မွေးဖွားနှစ်၊ ကွယ်လွန်နှစ်များကို ထပ်မံရှာဖွေဖော်ထုတ်ရဦးမည်ဖြစ်သည်။

ဦးအေးပြုစုခဲ့သော စာပေများတွင် စစ်ကိုင်းမင်းသမီးချောင်းနှင့် ရတုတချို့မှာ ပုံနှိပ်မူအဖြစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ ဦးအေး ရေးသားပြုစုခဲ့သော စစ်ကိုင်းမင်းသမီးချောင်းကို ဆရာကြီးဦးထွန်းရီပြုစုသော "ချောင်းကဗျာစစ်တမ်းနှင့် ချောင်းသစ်ပဒေသာ"စာအုပ်တွင်ပါရှိပြီးဖြစ်သည်။ ဦးအေး၏ရတုတို့မှာလည်း ပန်းရွှေပြည်စာအုပ်တိုက်က ထုတ်ဝေသော ရှိမ္မကားဆရာတော်စာစုနှင့် ပန်းရွှေပြည်စာအုပ်တိုက်ကပင် ထုတ်ဝေခဲ့သည့် မြန်မာမင်းများလက်ထက် ရတုပေါင်းချုပ်သုံးတွဲတွင် ပါရှိပြီးဖြစ်သည်။

တစ်နေ့တွင် ဦးအေးပြုစုသော ရာဇဝင်ချုပ်သံပေါက်ပေတစ်ဆူရရှိခဲ့သည်။ ပေမူတွင် "အတွင်းဝန်မင်းကြီး အတုလမဟာသီဟသူရေး ရာဇဝင်ချုပ်သံပေါက်"ဟုပါရှိသည်။ ဦးအေးပြုစုသော ရာဇဝင်ချုပ်သံပေါက် ပေမူရရှိသောအခါတွင် ရာဇဝင်ချုပ်သံပေါက်များကို ပုံနှိပ်မူဖြင့် ရှိ၊ မရှိ စာအုပ်စာတမ်းများတွင် ရှာဖွေမိသည်။

ဦးအေး၏ရာဇဝင်ချုပ် သံပေါက်များကို အမှာတော်ရေး ဦးရှင်ကလေး၏ ရာဇဝင်ညွန့်စာအုပ်တွင် ထည့်သွင်းရိုက်နှိပ်ထားသည်ကို တွေ့ရသည်။ သံပေါက်မှာ မင်းတုန်းမင်းလက်ထက်ထိပါသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းပြုစုသော မှန်နန်းရာဇဝင်တော်သစ်တွင် ဦးအေး၏ရာဇဝင်ချုပ်သံပေါက်များပါ၏။ မှန်နန်းရာဇဝင်တော်သစ်တွင် ဖော်ပြထားသော ရာဇဝင်ချုပ်သံပေါက်မှာ အပြည့်အစုံမဟုတ်ပေ။ "ကလေးမြို့ပိုင် ထီးရိုင်တိုင်း လှိုင်အံ့ ခုနစ်လဆင်း"ဟူသောသံပေါက်တွင် အဆုံးသတ်ထား၏။ သံပေါက်အရ ကလေးကျေးတောင်ညိုမင်း လက်ထက်ထိသာ ဖော်ပြထားသည်။ နောက်ပိုင်းမင်းဆက်သံပေါက်များကို ဖော်ပြမထားပေ။

ဦးအေး၏ ရာဇဝင်ချုပ်သံပေါက်ကို ဆရာကြီး ရွှေပြည်ဦးဘတင်၏ မြန်မာစာပေလောကစာအုပ်တွင် ထပ်မံ၍တွေ့ရပြန်သည်။ မြန်မာစာပေလောကစာအုပ်ကို ကမ္ဘာ့ခေတ်စာပေတိုက်က ၁၉၆၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ မြန်မာစာပေလောကစာအုပ်တွင်တွေ့ရသော ဦးအေး၏ရာဇဝင်ချုပ်သံပေါက်မှာ သီပေါမင်းလက်ထက်ထိပါရှိနေသည်ကို တွေ့ရသည်။ မြန်မာစာပေလောကစာအုပ်တွင် ပါရှိသော ရာဇဝင်ချုပ်သံပေါက်သည် ဦးအေး၏ မူလရေးရင်းမဟုတ်ဘဲ တစ်စုံတစ်ယောက်က ထပ်မံဖြည့်ထားဖွယ်ရှိသည်။

ဦးအေးသည် မင်းတုန်းမင်း၊ သီပေါမင်းတို့လက်ထက်တွင် သက်ရှိထင်ရှားမရှိတော့ပါ။ ကွယ်လွန်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ရာဇဝင်ညွန့်တွင်ပါသော ရာဇဝင်ချုပ်သံပေါက်များနှင့် ဆရာကြီး ရွှေပြည်ဦးဘတင်၏ မြန်မာစာပေလောကစာအုပ်ပါ ရာဇဝင်ချုပ်သံပေါက်များတွင် နောက်လူတို့ဖြည့်ထားသောသံပေါက်များ ပါဝင်နေသည်။

စာရေးသူရရှိခဲ့သော ဦးအေး၏ ရာဇဝင်ချုပ်သံပေါက်ပေမူတွင် မြန်မာရာဇဝင်ကိုသံပေါက် ၁၄၄ ပုဒ်ဖြင့် အကျဉ်းချုပ်ဖွဲ့ဆိုထားသည်။ ဖွဲ့ဆိုရာတွင် ညောင်ရမ်းခေတ်ထိသာပါရှိပြီး ကုန်းဘောင်ခေတ်မင်းဆက်များမပါရှိပါ။ ညောင်ရမ်းခေတ်နောက်ပိုင်း ကုန်းဘောင်မင်းဆက်များကို ရေးဖွဲ့ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် ဦးအေး၏ မူလရေးရင်းရာဇဝင်ချုပ်သံပေါက်သည် ညောင်ရမ်းခေတ်ဟံသာဝတီပါမင်းလက်ထက်ထိသာ ရေးဖွဲ့ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ရာဇဝင်ချုပ်သံပေါက်နိဂုံးတွင် "အသည်အတွင်းဝန်မင်းကြီး အတုလမဟာသီဟသူ ရွေးနုတ်တော်မူသည့် ရာဇဝင်ချုပ်ပြီး၏"ဟုပါရှိသည်။ ပေမူတွင် ရေးကူးသောနှစ်ကိုလည်း "သက္ကရာဇ် ၁၂၃၆ ခုနှစ် ကဆုန်လဆန်း ၄ ရက် တနင်္ဂနွေ နံနက်တစ်ချက်တီးကျော်အချိန်တွင် ရာဇဝင်ချုပ်ရေးကူး၍ပြီးသည်"ဟူ၍ပါရှိသဖြင့် ၁၂၃၆ ခုနှစ် မင်းတုန်းမင်းလက်ထက်၌ ရေးကူး၍ပြီးကြောင်း သိရသည်။

ပေမူတွင်တွေ့ရသော ကွာခြားချက်များကို ဆိုပါဦးမည်။ မှန်နန်းရာဇဝင်သစ်တွင်ပါသော ရာဇဝင်ချုပ်သံပေါက်၊ မြန်မာစာပေလောကစာအုပ်တွင်ပါသော ရာဇဝင်ချုပ်သံပေါက်တို့တွင် ရှင်ဘုရင်တို့၏ နန်းတက်နှစ်၊ အိမ်နိမ့်၊ နန်းစံ၊ နံတော်တို့သာ ဖော်ပြပါရှိသည်။ ပေမူတွင် ရှင်ဘုရင်များ နတ်ရွာစံသောအခါတွင် ဖြစ်ပွားသော အတိတ်နိမိတ်များပါရှိသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် ဆရာကြီး ရွှေပြည်ဦးဘတင်တို့သည် မူရင်းပေပုရပိုက်ပါ အတိတ်နိမိတ်များကို မကူးဘဲဖြုတ်ချထားခဲ့သည်ဟု ယူဆရပါသည်။

နောက်ထပ်ကွာခြားချက်တစ်ခုမှာ ပေမူတွင် နိဂုံးလင်္ကာပါရှိခြင်းဖြစ်သည်။ နိဂုံးလင်္ကာပိုဒ်တွင် တကောင်းမင်းဆက် ၁၇ ဆက်မှ အင်းဝခေတ်၊ ညောင်ရမ်းမင်းဆက်ထိ ဖွဲ့ဆိုထားပါသည်။ ဦးအေး၏ ရာဇဝင်ချုပ်သံပေါက် နိဂုံးလင်္ကာပိုဒ်ကို အလွတ်ကျက်ထားလျှင် မြန်မာရာဇဝင်တစ်လျှောက်လုံးမှ မင်းဆက်များကို အလွယ်တကူသိနိုင်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၇၇၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၇၇၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၇၀၅၀ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကလေးမြို့နယ်၌ ၁၈၅ ကေ၊ ကလေးဝမြို့နယ်၌ ၅၄၁ ကေ၊ မင်းကင်းမြို့နယ်၌ ၄၀၅၁ ကေ စုစုပေါင်း ၄၇၇၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ ပဲကြီးကေ ၇၀၅၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာတော့ ၄၇၇၇ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီးတွေ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကလေးခရိုင်တွင် ပဲကြီးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၃၅၁ ကေ၊ ကလေးဝမြို့နယ်တွင် ၅၃၂ ကေ၊ မင်းကင်းမြို့နယ်တွင် ၆၁၆၇ ကေ စုစုပေါင်း ၇၀၅၀ ကေဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် ပဲကြီးစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဝမ်းတွင်းမြို့နယ် ဇီးကျင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဝမ်းတွင်း ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ဇီးကျင်းကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဇီးကျင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ် ဇီးကျင်းကျေးရွာ၌ အလျား တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ အရှည် ၁၈ ပေ၊ အကျယ် သုံးပေ၊ အမြင့် သုံးပေရှိ Slap Culvert တစ်စင်း တည်ဆောက်ခြင်းနှင့် အရှည် ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၄ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈၁ ဒသမ ၅၃၈ သန်းဖြင့် ရွှေဘိုရင်ကုမ္ပဏီမှတာဝန်ယူ၍ ဇွန်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာနှုန်းခန့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဇီးကျင်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ၏ လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့အချိန်မီတင်ပို့ ရောင်းချနိုင်မည်ဖြစ်ကြောင်း မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက ပြောပြ၍ သိရသည်။

**ချိုလေး**

## ငါတို့သည်

\- ငါတို့သည် သည်မြေဖွားပေမို့
ထာဝစဉ် နှလုံးသားမှာဖြင့်
နိုးကြားကာ မလစ်မလပ်ခဲ့ပါဘူး
ဘိုးဘွားဂုဏ်ဒြပ် သမိုင်းကြောင်းကို
မတိမ်းစောင်းအောင် သစ္စာအဓိဋ္ဌာန်တွေနဲ့
ဦးထိပ်ပန် ရင်မှာပျိုးပါလို့
သယ်ပိုးခဲ့တာဝန်တွေ။

\- သွေးစကား
အရေးထားကာ စွမ်းအားဂုဏ်တည်လို့
စိတ်ဓာတ်စည်းကမ်းညီညီပေါ့
ငါတို့ပြည်စည်ဖြာအရေးကိုလာ့
ငါတို့ပြည်သာယာအရေးကိုလာ့
မြော်တွေးကာ အမွေခံလို့
အန္တရာယ်ရန်စွယ်ခပင်းကိုဖြင့်
ဖယ်ရှင်းလို့နေ။

\- ကမ္ဘာ့မြေပုံမှာဖြင့်
မြန်မာ့ဂုဏ်အစဉ် တည်တံ့စေဖို့
တိုးတက်ခေတ်မီစွမ်းအားသစ်တွေနဲ့
ဖွင့်လှစ်ခါ မညည်းစတမ်းပါပဲ
ခရီးလမ်းမှာ လှိုင်းလေထန်လည်း
ကြံ့ကြံ့ခံသတ္တိထုံးကာပ
ပြုံးပန်းနဲ့အားသစ်ဝေ
ဇာနည်တွေနှလုံးသား...။

\- အသည်းအပ်ခါပ
ဖွဲ့လုံ့လမပြတ် တာဝန်တွေကိုဖြင့်
ကြည်း၊ ရေ၊ လေ အတူတွဲပါလို့
ခိုင်မြဲစွာဇာတိဂုဏ်ရည်တွေနဲ့
ငါ့တိုင်းပြည် ငါ့လူမျိုးအတွက်ကိုပေါ့
အခန်းဆက်ထမ်းရွက်ညီညီဖြင့်
မျိုးချစ်စိတ်တည် ပင်လယ်လမ်းမှာလာ့
အခွန့်တည်ပြည်ဝန်ထမ်းလို့ရယ်
ရင်လွှမ်းနိုးကြား...။ ။

(၇၈ နှစ်မြောက် တပ်မတော်(ရေ)နေ့ကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)

**ဇလွန်ကျော်ဦး**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီး မော်စကိုမြို့၌ သမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေး



**မော်စကို ဒီဇင်ဘာ ၂၄**

ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့သည် ဒီဇင်ဘာ ၂၃ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့၌ သမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်နှင့် ဆီးရီးယားအစိုးရဝန်ကြီးများသည် ရုရှားနှင့် ဆီးရီးယားနိုင်ငံတို့ကြား စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း ဆီးရီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဆီးရီးယားသမ္မတ အယ်လ်ရှာရာကိုယ်တိုင် ယခုနှစ် အောက်တိုဘာလအတွင်း ရုရှားနိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်ခဲ့ပြီး ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံခဲ့သည်။

ဆီးရီးယားအစိုးရ အနေဖြင့် ရုရှားနှင့် ယခင်ရယူထားသည့် သဘောတူညီချက် အားလုံးကို လိုက်နာ စောင့်ထိန်းမည်ဖြစ်ကြောင်း အဆိုပါခရီးစဉ်အတွင်း ဆီးရီးယားသမ္မတ အယ်လ်ရှာရာက ကတိပေးထားသည်။

သမ္မတ အယ်လ်ရှာရာ ဦးဆောင်သော သူပုန်တပ်များသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ရုရှား၏ မဟာမိတ်သမ္မတ ဟောင်း အာဆတ် ဦးဆောင်သည့် အစိုးရအဖွဲ့ကို ဖြုတ်ချခဲ့ပြီး အာဏာစတင်ရရှိခဲ့သည်။

ဆီးရီးယားနိုင်ငံတွင် ရုရှားတပ်မတော်၏ အဓိက လေတပ်စခန်းတစ်ခုနှင့်ရေတပ်စခန်း တစ်ခုတို့ တည်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဗဟိုအာရှခေါင်းဆောင်များကို ဂျီ-၂၀ ထိပ်သီးညီလာခံ တက်ရောက်ရန် သမ္မတဒေါ်နယ်ထရမ့် ဖိတ်ကြား



**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

ဗဟိုအာရှခေါင်းဆောင်များဖြစ်သည့် ကာဇက်စတန်နိုင်ငံ သမ္မတ တိုကာယက်ဗ်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံသမ္မတ မီရာဇီယိုယက်ဗ်တို့ကို ဂျီ-၂၀ ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဖိတ်ကြားထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဒီဇင်ဘာ ၂၃ ရက်တွင် ကာဇက်စတန်သမ္မတ တိုကာယက်ဗ်၊ ဥဇဘက်ကစ္စတန် သမ္မတ မီရာဇီယိုယက်ဗ်တို့နှင့် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာ ၂၃ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲ၌ မိမိနှင့် ဗဟိုအာရှခေါင်းဆောင်နှစ်ဦးတို့ အနေဖြင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် နိုင်ငံတကာပဋိပက္ခများ အဆုံးသတ်နိုင်ရေးကို ဆွေးနွေးခဲ့ကြကြောင်း သမ္မတဒေါ်နယ်ထရမ့်က လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရေးသားထားသည်။

ထို့ပြင် မိမိအနေဖြင့် ဂျီ-၂၀ ထိပ်သီးညီလာခံ တက်ရောက်ရေးအတွက် ကာဇက်စတန်နှင့် ဥဇဘက်ကစ္စတန် ခေါင်းဆောင်များကို ဖိတ်ကြားထားကြောင်း သမ္မတဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားခဲ့သည်။

ကာဇက်စတန်နှင့် ဥဇဘက်ကစ္စတန်ခေါင်းဆောင်များကို ဂျီ-၂၀ ထိပ်သီးညီလာခံတက်ရောက်ရေးအတွက် သမ္မတဒေါ်နယ်ထရမ့်က ဖိတ်ကြားမှုသည် ဗဟိုအာရှဒေသအပေါ် အမေရိကန်နိုင်ငံ၏ အာရုံစိုက်ပေးမှုကို ပြသလျက်ရှိသည်။

၂၀၂၆ ခုနှစ်၏ ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌ အမေရိကန်နိုင်ငံသည် ဂျီ-၂၀ ထိပ်သီးညီလာခံကို ဖလော်ရီဒါပြည်နယ် မီယာမီမြို့၌ ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်ထိ ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဖုန်ဂျိုင် ထိုင်းပါတီက လာမည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပါတီကိုယ်စားပြု ဝန်ကြီးချုပ်လောင်းအဖြစ် အနူတင်ကို ရွေးချယ်

**ဗန်ကောက် ဒီဇင်ဘာ ၂၄**

လာမည့်နှစ် ဖေဖော်ဝါရီလအတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပါတီကိုယ်စားပြု ဝန်ကြီးချုပ်လောင်းအဖြစ် လက်ရှိ ယာယီဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်ကို ဖုန်ဂျိုင်ထိုင်းပါတီက ဒီဇင်ဘာ ၂၃ ရက်တွင် ရွေးချယ်ထားကြောင်း ထိုင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ရွေးကောက်ပွဲအတွက် ပါတီကိုယ်စားပြု ဝန်ကြီးချုပ်လောင်းအဖြစ် အနူတင်ချန်ဗီရာကူးလ်ကို ရွေးချယ်ထားကြောင်း ဖုန်ဂျိုင်ထိုင်းပါတီက သတင်းထုတ်ပြန်ထားသည်။

ဖုန်ဂျိုင်ထိုင်းပါတီခေါင်းဆောင် အနူတင်သည် ဝန်ကြီးချုပ်ဟောင်း ပေထုန်တန်ရှင်နာဝပ် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် ယခုနှစ် စက်တင်ဘာ ၇ ရက်တွင် ထိုင်းဝန်ကြီးချုပ်တာဝန် စတင်ရယူထားသူဖြစ်သည်။

သို့ရာတွင် ဝန်ကြီးချုပ်အနူတင်သည် ယခုလအတွင်း ထိုင်းအောက်လွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီး အထွေထွေရွေးကောက်ပွဲများကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပရန်စီစဉ်ထားသည်။



လာမည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ဖုန်ဂျိုင် ထိုင်းပါတီအတွက် အကျိုးသက်ရောက်မှုအကြီးမားဆုံး ရွေးကောက်ပွဲဖြစ်လာနိုင်ကြောင်း ဖုန်ဂျိုင်ထိုင်းပါတီ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖုန်ဂျိုင်ထိုင်းပါတီ၏ ပြိုင်ဘက်ဖြစ်သော ပြည်သူ့ပါတီကမူ လာမည့်ရွေးကောက်ပွဲအတွက် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ တူတော်စပ်သူ ဇီဝအင်ဂျင်နီယာ ပါမောက္ခ ဝန်ဆာဝပ်ကို ဝန်ကြီးချုပ်လောင်းအဖြစ် ရွေးချယ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# လစ်ဗျားစစ်ဦးစီးချုပ်နှင့် ထိပ်တန်းခေါင်းဆောင်များ လေယာဉ်ပျက်ကျမှုကြောင့် ကွယ်လွန်

**အင်ကာရာ ဒီဇင်ဘာ ၂၄**

လစ်ဗျားစစ်ဦးစီးချုပ်နှင့် အခြားထိပ်တန်းခေါင်းဆောင် လေးဦးတို့သည် ဒီဇင်ဘာ ၂၃ ရက်တွင် လေယာဉ် ပျက်ကျမှုကြောင့် ကွယ်လွန်ခဲ့ကြောင်း လစ်ဗျားအစိုးရက သတင်းထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လစ်ဗျားစစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မိုဟမ်မက်အလီ အယ်ဟက်ဒက်နှင့်အဖွဲ့ လိုက်ပါလာသည့် ဖယ်ကွန်-၅၀ အမျိုးအစားလေယာဉ်သည် တူကီယဲနိုင်ငံ အင်ကာရာမြို့အနီး ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်၏ အပျက်အစီးများကို အင်ကာရာမြို့အနီး ဟေမာနာခရိုင်၌ ရှာဖွေတွေ့ရှိထားကြောင်း တူကီယဲ တာဝန်ရှိသူများက ပြောကြားသည်။

လစ်ဗျားစစ်ဦးစီးချုပ်နှင့် အဖွဲ့လိုက်ပါလာသည့် လေယာဉ်သည် အင်ကာရာမြို့ အက်ဆန်ဘိုဂါ လေဆိပ်မှပျံတက်ခဲ့ပြီး ၄၂ မိနစ်အကြာတွင် မြေပြင်နှင့် အဆက်အသွယ် ပြတ်တောက်ခဲ့ကြောင်း တူကီယဲ ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယင်းလေယာဉ်သည် လေဆိပ်မှ ပျံတက်ခဲ့ပြီး ၁၆ မိနစ်အကြာတွင် လျှပ်စစ်ဓာတ်အားစနစ် ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခွင့်ပေးရန် လေကြောင်းထိန်းချုပ်ရေးမျှော်စင်ထံ သတင်းပေးပို့ခဲ့ပြီးနောက် အဆက်အသွယ် ပြတ်တောက်ခဲ့ရကြောင်း တူကီယဲ တာဝန်ရှိသူများက ပြောကြားသည်။

လေယာဉ် ပျက်ကျမှုကြောင့် လစ်ဗျားစစ်ဦးစီးချုပ်နှင့် အဖွဲ့ အပါအဝင် လေယာဉ်အမှုထမ်း သုံးဦးလည်း သေဆုံးခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မက္ကဆီကိုရေတပ် လေယာဉ်ငယ်တစ်စင်း တက္ကဆက်၌ ပျက်ကျ၊ လူ ငါးဦးသေဆုံးပြီး သုံးဦး ပျောက်ဆုံး

**ဂယ်လ်ဗက်စတန် ဒီဇင်ဘာ ၂၄**

လူနာတစ်ဦးနှင့် အခြားသူ ခုနစ်ဦး လိုက်ပါလာသော မက္ကဆီကိုရေတပ် လေယာဉ်တစ်စင်း အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဂယ်လ်ဗက်စတန်ကျွန်း အနီး ဒီဇင်ဘာ ၂၂ ရက်တွင် ပျက်ကျခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ လေယာဉ်ပျက်ကျမှုကြောင့် လူငါးဦး သေဆုံးခဲ့ရပြီး သုံးဦးပျောက်နေကြောင်း တက္ကဆက်ပြည်နယ် တာဝန်ရှိသူများက ပြောကြားသည်။

ပျက်ကျသည့် လေယာဉ်ငယ်၌ မက္ကဆီကို ရေတပ်အရာရှိ လေးဦးနှင့် ကလေးတစ်ဦး အပါအဝင် အရပ်သား လေးဦး လိုက်ပါလာကြောင်း သိရသည်။

လက်ရှိအချိန်တွင် အမေရိကန် ကယ်ဆယ်ရေး သမားများက ပျောက်ဆုံးနေသူ သုံးဦးကို ဂယ်လ်ဗက်စတန်ကျွန်းအနီး ရှာဖွေနေကြောင်း အမေရိကန် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိတွင် လေယာဉ်ပျက်ကျရခြင်း နောက်ခံအကြောင်းရင်းကို အမေရိကန် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အဆိုပါလေယာဉ်သည် မီးလောင်ဒဏ်ရာရရှိထားသည့် မက္ကဆီကို ကလေးတစ်ဦးကို ဂယ်လ်ဗက်စတန်ဆေးရုံသို့ ပို့ဆောင်ရန် ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## တည်နေရာနှင့် လမ်းကြောင်းပြဂြိုဟ်တုတစ်စင်းကို ဂျပန်အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့



**တိုကျို ဒီဇင်ဘာ ၂၄**

ဂျပန်အမျိုးသားအာကာသအေဂျင်စီသည် ဒီဇင်ဘာ ၂၃ ရက်တွင် တည်နေရာနှင့် လမ်းကြောင်းပြ ဂြိုဟ်တုတစ်စင်းကို အိတ်ချ်-၃ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

ဂျပန်အမျိုးသားအာကာသအေဂျင်စီသည် မီချီဘီကီ-၅အမည်ရှိ တည်နေရာနှင့်လမ်းကြောင်းပြဂြိုဟ်တုကို သယ်ဆောင်ထားသည့် အိတ်ချ်-၃ ဒုံးပျံကို တာနီဂါရှီးမားအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဒုံးယာဉ်၏ ဒုတိယအဆင့်ဒုံးအင်ဂျင်စနစ် ပြဿနာတစ်ရပ်ကြောင့် အိတ်ချ်-၃ ဒုံးပျံမှာ မီချီဘီကီ-၅ ဂြိုဟ်တုကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်မှု မရှိခဲ့ကြောင်း ဂျပန်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

မီချီဘီကီ-၅ ဂြိုဟ်တုမစ်ရှင်သည် မစ်ဆူဘီရှီကုမ္ပဏီ၏ အိတ်ချ်-၃ ဒုံးပျံများ၏ သတ္တမမြောက် အာကာသ မစ်ရှင်ဖြစ်သည်။

မီချီဘီကီ-၅ ဂြိုဟ်တုသည် ဂျပန်အစိုးရက တည်ဆောက်နေသော ကွာဆီဇင်းနစ်တည်နေရာနှင့် လမ်းကြောင်းပြဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ခဲ့သောဂြိုဟ်တုဖြစ်သည်။

ဂျပန်အမျိုးသားအာကာသအေဂျင်စီသည် နှစ်ပေါင် ၂၀ ကျော်ကြာအသုံးပြုခဲ့သည့် အိတ်ချ်-၂ အေဒုံးပျံများကို အနားပေးပြီးနောက် အိတ်ချ်-၃ ဒုံးပျံကို ၂၀၂၃ ခုနှစ် မတ်လတွင် စတင်အသုံးပြုခဲ့ကြောင်း သိရသည်။


Ref : Xinhua News

Trs : KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ပုံပန်းသဏ္ဍာန်ထူးခြားဆန်းကြယ်သည့် ဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၂၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်သည် ပုံပန်းသဏ္ဍာန်ထူးခြားဆန်းကြယ်သည့် ဂြိုဟ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။



PSR J 2322–2650 b အမည်ရှိ အဆိုပါဂြိုဟ်သည် အခြားဂြိုဟ်များကဲ့သို့ စက်လုံးပုံဂြိုဟ်မျိုးမဟုတ်ဘဲ ဘော့စ်ဘော ဘောလုံးကဲ့သို့ ရှည်မျောမျောဖြစ်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် PSR J 2322–2650 b ဂြိုဟ်၏ လေထုလွှာမှာ အခြားနေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များ၏ လေထုလွှာများကဲ့သို့ မဟုတ်ဘဲ ကာဗွန်နှင့် ဟီလီယံမော်လီကျူးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၇၅၀ အကွာတွင် တည်ရှိသော နျူထရွန်ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်လျက်ရှိကြောင်း သိရသည်။

PSR J 2322–2650 b ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကြာသပတေးဂြိုဟ် အရွယ်အစားရှိပြီး ညအပူချိန် ၆၅၀ ဒီဂရီဆဲလ်စီယပ်နှင့် နေ့အပူချိန် ၂၀၃၀ ဒီဂရီဆဲလ်စီယပ်ရှိကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် ၎င်းဗဟိုပြုလှည့်ပတ်နေသော နျူထရွန်ကြယ်၏ ပြင်းထန်ကြီးမားသောဒြပ်ဆွဲအားကြောင့် ဘော့စ်ဘော ဘောလုံးကဲ့သို့ ရှည်မျောမျောဖြစ်နေရခြင်း ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ကမ္ဘာတစ်ဝန်းလုံးရှိ အဆောက်အအုံများကို တစ်လုံးချင်းလေ့လာစူးစမ်းနိုင်မည့် သုံးဖက်တိုင်းမြေပုံတစ်မျိုးကို ဂျာမနီသိပ္ပံပညာရှင်များ ဖန်တီးထား

**ဘာလင် ဒီဇင်ဘာ ၂၄**

ကမ္ဘာတစ်ဝန်းလုံးရှိ အဆောက်အအုံများကို တစ်လုံးချင်းလေ့လာစူးစမ်းနိုင်မည့် သုံးဖက်တိုင်းမြေပုံတစ်မျိုးကို ဂျာမနီနိုင်ငံ မြူးနစ်နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဖန်တီးထားကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ဂျာမနီ သိပ္ပံပညာရှင်များ ဖန်တီးထားသည့် အထက်ပါကမ္ဘာ့အဆောက်အအုံများကို တစ်လုံးချင်း လေ့လာစူးစမ်းနိုင်မည့် သုံးဖက်တိုင်းမြေပုံသစ်တွင် ကမ္ဘာတစ်ဝန်းရှိ အဆောက်အအုံ ၂ ဒသမ ၇၅ ဘီလီယံထိ ပါဝင်ကြောင်း သိရသည်။

ဂျာမနီသိပ္ပံပညာရှင်များသည် အထက်ပါ ကမ္ဘာ့အဆောက်အအုံများကိုတစ်လုံးချင်းလေ့လာစူးစမ်းနိုင်မည့် မြေပုံသစ်ကို ဖန်တီးရေးအတွက် ၂၀၁၉ ခုနှစ်အတွင်း ရိုက်ကူးထားသည့် ဂြိုဟ်တုဓာတ်ပုံ ၈၀၀၀၀၀ ခန့်နှင့် လူ့ဉာဏ်ရည်တုနည်းပညာ(AI) တို့ကို ပေါင်းစပ်အသုံးပြုခဲ့ရကြောင်း သိရသည်။

ဂျာမနီ သိပ္ပံပညာရှင်များ ဖန်တီးထားသည့် ကမ္ဘာ့အဆောက်အအုံများမြေပုံ၌ ပါဝင်သော အဆောက်အအုံ အရေအတွက်သည် ယခင်ဖန်တီးခဲ့သော မြေပုံများတွင် ပါဝင်သောအရေအတွက်ထက် တစ်ဘီလီယံကျော် ပိုများကြောင်း သိရသည်။

ဂျာမနီ သိပ္ပံပညာရှင်များ၏ လေ့လာဆန်းစစ်ချက်အရ အာရှတိုက်သည် ကမ္ဘာပေါ်၌ အဆောက်အအုံအများဆုံး တည်ရှိရာနေရာဖြစ်ပြီး အဆောက်အအုံပေါင်း ၁ ဒသမ ၂၂ ဘီလီယံထိရှိကြောင်း သိရသည်။

အာဖရိကတိုက်တွင်မူ အဆောက်အအုံ သန်း ၅၄၀ ရှိပြီး ဥရောပတိုက်တွင်မူ ၄၀၃ သန်းထိရှိကြောင်း ဂျာမနီသိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

# HEALTH

## နီကိုတင်းဓာတ် စားသုံးမှုပုံစံမှန်သမျှက နှလုံးကျန်းမာရေးအတွက် ပြဿနာဖြစ်စေနိုင်

**စတော့ဟုမ်း ဒီဇင်ဘာ ၂၄**

နီကိုတင်းဓာတ် စားသုံးမှုပုံစံမှန်သမျှသည် နှလုံးကျန်းမာရေးအတွက်ပြဿနာဖြစ်စေနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ဆွီဒင်နိုင်ငံ ဂျိုဟာန်နက်ဂူတင်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မည်သို့ပုံစံမျိုးဖြင့်စားသုံးသည်ဖြစ်စေ နှလုံးနှင့် နှလုံးသွေးကြောများကို အဆိပ်အတောက်ဖြစ်စေနိုင်ကြောင်း သိရသည်။

နီကိုတင်းကို စီးကရက်မှရယူသည်ဖြစ်စေ၊ ဆေးရွက်ကြီးမှရယူသည်ဖြစ်စေ၊ အီးစီးကရက်မှ ရယူသည်ပင်ဖြစ်စေ သွေးဖိအားပုံမှန်ထက်မြင့်တက်လာနိုင်ပြီး နှလုံးသွေးကြောများ ထိခိုက်ပျက်စီးနိုင်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

နီကိုတင်းအဆိပ်သင့်ပါက နှလုံးခုန်နှုန်းနှင့် သွေးဖိအားမြင့်တက်လာတတ်ပြီး နှလုံးသွေးကြောများ၏ ကျုံ့နိုင်ဆန့်နိုင်စွမ်း ထိခိုက်ပျက်စီးသွားတတ်ကြောင်း သိရသည်။

ထို့ပြင် နီကိုတင်းအဆိပ်သင့်မှုကြောင့် သွေးခဲများပေါ်ထွက်မှု မြင့်တက်လာတတ်ပြီး နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ မြင့်တက်နိုင်သည်။

အလားတူ နီကိုတင်းအဆိပ်သင့်မှုကြောင့် ကင်ဆာရောဂါများကိုအားပေးတတ်သည့်သွေးကြောသစ်များလည်း ပေါ်ထွက်လာနိုင်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## သွေးတိုးရောဂါက နှလုံးဖောက်မှု၊ လေဖြတ်မှုတို့၏ နောက်ခံအကြောင်းတရားဖြစ်သည်ကို လူအများက သိရှိနားလည်ခြင်းမရှိဟု ပညာရှင်များပြောကြား

**လန်ဒန် ဒီဇင်ဘာ ၂၄**

သွေးဖိအားပုံမှန်ထက်မြင့်တက်မှုပြဿနာ(သွေးတိုးရောဂါ)သည် နှလုံးရုတ်တရက်ဖောက်မှု၊ လေဖြတ်မှုတို့၏ အဓိကနောက်ခံအကြောင်းတရားဖြစ်သော်လည်း ထိုအချက်ကို လူအများက သိရှိနားလည်ခြင်း မရှိကြောင်း ဗြိတိန် သုတေသနပညာရှင်များက ဒီဇင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ဗြိတိသျှ နှလုံးဖေဒအသင်းမှ ကျွမ်းကျင်သူများ၏ လေ့လာတွေ့ရှိချက်အရ ဗြိတိန်နိုင်ငံသားသုံးဦးလျှင် တစ်ဦးတွင် သွေးဖိအားမြင့်တက်မှုပြဿနာရှိနေကြောင်း သိရသည်။

သို့ရာတွင် လူဦးရေ ၂၀၀၀၀ ကျော်ကို သုတေသနစစ်တမ်းကောက်ခံချက် ပြုလုပ်ရာတွင် အများစုမှာ သွေးဖိအားမြင့်တက်မှုပြဿနာ၏နောက်ဆက်တွဲအကျိုးဆက်များနှင့်ပတ်သက်၍ ရေရေရာရာသိနားလည်ခြင်းမရှိသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နှလုံးသွေးကြောနံရံများအပေါ် သွေးဖိအားသက်ရောက်မှုအဆက်မပြတ်မြင့်တက်လာချိန်တွင် သွေးတိုးရောဂါဖြစ်ပွားတတ်ပြီး ၎င်းရောဂါကြောင့် နှလုံးသွေးကြောများပျက်စီး၍ နှလုံးအတွင်းသို့ သွေးဝင်ရောက်မှု အကန့်အသတ်ရှိလာကြောင်း သိရသည်။

သွေးဖိအား ပုံမှန်ထက်မြင့်တက်မှုပြဿနာကို စောစောစီးစီး စစ်ဆေးတွေ့ရှိခဲ့ပါက နှလုံးထိခိုက်ပျက်စီးနိုင်မှုကို တားဆီးကာကွယ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# LIV Golf အဖွဲ့ချုပ်မှ နုတ်ထွက်ကြောင်း ကိုပ်ကာက တရားဝင်ကြေညာ

**ဖလော်ရီဒါ ဒီဇင်ဘာ ၂၄**

အမေရိကန် ဂေါက်သီးရိုက်ကစားသမားကိုပ်ကာသည် မိသားစုကို အချိန်ပေးလိုသည့်အတွက် LIV Golf အဖွဲ့ချုပ်မှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု TMZ Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုပ်ကာသည် LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းကာ အဖွဲ့ချုပ်၏ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆော်ဒီအာရေဗျနိုင်ငံတွင် ရောက်ရှိနေသည်။

ကိုပ်ကာသည် LIV Golf အဖွဲ့ချုပ်သို့မပြောင်းရွှေ့မီ PGA Tour တွင် အဓိကဆုဖလား ငါးလုံးထိ ဆွတ်ခူးထားသူဖြစ်ပြီး ကမ္ဘာ့အဆင့်(၁)နေရာတွင် ရက်သတ္တ ၂၄ ပတ်တိုင်တိုင် ရပ်တည်ခဲ့သူလည်း ဖြစ်သည်။

သို့သော် LIV Golf အဖွဲ့ချုပ်သို့ ကူးပြောင်းခဲ့ပြီးနောက် မီဒီယာ စာမျက်နှာပေါ်၌ မှေးမှိန်သွားခဲ့သူဖြစ်ပြီး PGA Tour ကို စွန့်ခွာခဲ့ခြင်းကြောင့် ကမ္ဘာ့အဆင့်သတ်မှတ်ချက် မခံရတော့ကြောင်းလည်း သိရသည်။

LIV Golf အဖွဲ့ချုပ်၏ အမှုဆောင်ချုပ်ဖြစ်သူ အိုနေးလ်က "ကိုပ်ကာဟာ LIV Golf အဖွဲ့ချုပ်ရဲ့ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်သွားတော့မှာ မဟုတ်တဲ့အကြောင်း အားလုံးကို အသိပေးအပ်ပါတယ်။ ကိုပ်ကာနဲ့ အဖွဲ့ချုပ်ကြား နှစ်ဦးသဘောတူ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ ကိုပ်ကာဟာ မိသားစုကိုတန်ဖိုးထားတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး မိသားစုအရေးကို ဦးစားပေးလိုတဲ့အတွက် အိမ်ပြန်ချင်လို့ အခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။ LIV Golf အဖွဲ့ချုပ်အနေနဲ့ ကိုပ်ကာကို အပြည့်အဝ ထောက်ခံသွားမှာ ဖြစ်ပြီးတော့ သူချစ်မြတ်နိုးတဲ့ ဂေါက်သီးရိုက်အားကစားလောကမှာ ဆက်လက်ကျင်လည်နိုင်ပြီး အောင်မြင်မှုတွေ ဆက်လက် ဆွတ်ခူးနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TMZ Sports
Trs : AZL



## အားကစားသတင်းအတိုအထွာများ

- ❑ ဘုန်းမောက်အသင်းသည် ၂၀၂၀ ပြည့်နှစ်က မန်စီးတီးအသင်းသို့ရောင်းချခဲ့သည့် ခံစစ်ကစား အကီကို ပြန်လည်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ❑ နယူးကာဆယ်အသင်းက ခံစစ်ပိုင်းလိုအပ်ချက်အတွက် မစ်ဒယ်ဘရော့အသင်းသို့ အငှားချထားသည့် မက်တားဂတ်ကို ခေါ်ယူရန် ဆုံးဖြတ်ထားသော်လည်း ထရစ်ပီယာ၏ ဒဏ်ရာ ပြန်လည်သက်သာလာသဖြင့် ခေါ်ယူတော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။
- ❑ ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမားဟောင်း အယ်ကန်တာရာရာဖင်ဟာသည် ဒဏ်ရာပြဿနာများကြောင့် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့ကြောင်း သိရသည်။

ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ရှမ်းယူနိုက်တက် နိုင်ပွဲရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်နှင့် ရှောဝတီယူနိုက်တက်တို့ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက် အသင်းက နိုင်ပွဲရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရှောဝတီယူနိုက်တက်အသင်းတို့ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရှောဝတီယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ နှစ်သင်းလုံး အပြန်အလှန်ဖိအား ပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဂိုးပေါက်ကန်သွင်းခွင့်များ ရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၇ မိနစ်နှင့် ပွဲချိန် ၄၅ မိနစ်အပြီး အချိန်ပို တစ်မိနစ်တွင် စအောင်ပြည့်ကို၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို လေးမိနစ်တွင် မက်ခ်ကာဆီတို့က သွင်းယူခဲ့ကာ သစ္စာအားမာန် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်တွင် စောမျိုးဇော်နှင့် ပွဲချိန် ၈၄ မိနစ်တွင် ပြည့်စုံအောင်တို့က သွင်းယူပေးခဲ့ကြသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)အဖြစ် ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီခွဲတွင် သီဟဒီပ အားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဒဂုံပေ့ါအသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက် အသင်းနှင့် ဒဂုံစတားအသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လူကျံ့ဘောနှင့် ဂိုးလွန်ဘောများအတွက် နည်းပညာသစ်များအသုံးပြုရန် စမ်းသပ်မှုများလုပ်ဆောင်နေ

**ဇူးရစ် ဒီဇင်ဘာ ၂၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လူကျံ့ဘောနှင့် ဂိုးလွန်ဘောများအတွက် နည်းပညာသစ်များ အသုံးပြုရန် စမ်းသပ်မှုများလုပ်ဆောင်နေကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လူကျံ့ဘောနှင့် ဂိုးလွန်ဘောများအတွက် ပြီးခဲ့သည့် FIFA Inter-continental Cup ပြိုင်ပွဲတွင်လည်း လျင်မြန်ရှင်းလင်းစွာ စစ်ဆေးနိုင်ရန် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်ထားသည့် Realtime 3D Recre-ation အမည်ရှိ နည်းပညာသစ်ကို စတင်စမ်းသပ်ခဲ့သည်။

Real time 3D Recreation နည်းပညာသည် စစ်ဆေးမှုများ လုပ်ဆောင်ရာတွင် လက်ရှိအသုံးပြုနေသည့် VAR စနစ်ကဲ့သို့ ဒိုင်လူကြီးတစ်ဦးတည်းသာ ကြည့်ရှုနိုင်မည်မဟုတ်ဘဲ စစ်ဆေးနေချိန်တွင် ရုပ်သံမှ ကြည့်ရှုသူများပါ တစ်ပြိုင်နက်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က Real time 3D Recreation နည်းပညာအပြင် အခြားနည်းပညာများကိုလည်း Hawk Eye Innovations နည်းပညာကုမ္ပဏီနှင့် ပူးပေါင်းကာ စမ်းသပ်မှုများ လုပ်ဆောင်နေခြင်းဖြစ်ပြီး လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စတင်အသုံးပြုနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

လက်ရှိဘောလုံးပြိုင်ပွဲများတွင် VAR ကဲ့သို့နည်းပညာများ အသုံးပြုနေသော်လည်း ဂိုးလွန်ဘောမှ ဂိုးသွင်းယူခဲ့ကြသည့် အဖြစ်အပျက်များတွင် အငြင်းပွားမှုများလည်း ရှိနေသဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လူကျံ့ဘောအပြင် ဂိုးလွန်ဘောကိုပါ နည်းပညာဖြင့် ဆုံးဖြတ်ရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က Real time 3D Recreation နည်းပညာအပြင် Out of Bounds အမည်ရှိ နည်းပညာသစ် တစ်မျိုးကိုလည်း စမ်းသပ်နေကြောင်း သိရသည်။

Ref : The Athletic
Trs : STA

# IBF စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ရစ်ချက်ဆန်က အောတစ်ဇ်နှင့် ထိုးသတ်ရန် ငြင်းဆန်

**နယူးယောက် ဒီဇင်ဘာ ၂၄**

IBF စူပါလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ရစ်ချက်ဆန်သည် လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် တစ်နိုင်ငံတည်းသားဖြစ်သည့် လက်ဝှေ့သမား အော့တစ်ဇ်နှင့် ထိုးသတ်ရန် ပွဲစီစဉ်ပေးမှုအပေါ် ငြင်းဆန်ခဲ့သည်ဟု Matchroom Boxing သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



IBF အဖွဲ့ချုပ်၏ ညွှန်ကြားချက်အရ ရစ်ချက်ဆန်သည် ဇန်နဝါရီ ၃၁ ရက်တွင် အော့တစ်ဇ်နှင့် ထိုးသတ်ရန် လက်မှတ်ထိုးခဲ့သော်လည်း သဘောတူညီချက်အတိုင်း ထိုးသတ်တော့မည်မဟုတ်ကြောင်း ရစ်ချက်ဆန်က ထုတ်ဖော်ပြောကြားခဲ့သည်။

ရစ်ချက်ဆန်အနေနှင့် အခြားသော ပြိုင်ဘက်တစ်ဦးဖြင့် ထိုးသတ်သွားရန် ပြင်ဆင်နေသဖြင့် အော့တစ်ဇ်နှင့်ထိုးသတ်မည့်ပွဲစဉ်ကို ပြန်လည်ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ရစ်ချက်ဆန်အနေဖြင့် IBF အဖွဲ့ချုပ်၏ သတိပေးအရေးယူမှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်းလည်း သိရသည်။

ရစ်ချက်ဆန်က "အော့တစ်ဇ်နဲ့ထိုးသတ်ဖို့ စာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဇန်နဝါရီ ၃၁ ရက်မှာ ထိုးသတ်သွားဖို့လဲ သဘောတူညီချက်ရရှိထားပါတယ်။ ဒါပေမဲ့လဲ ကျွန်တော့်အနေနဲ့ ပြိုင်ဘက်အသစ်တစ်ယောက်နဲ့ ထိုးသတ်သွားဖို့ ဆုံးဖြတ်လိုက်တဲ့အတွက်ကြောင့် ဇန်နဝါရီ ၃၁ ရက်မှာ အော့တစ်ဇ်နဲ့ ထိုးသတ်သွားမှာ မဟုတ်တဲ့အကြောင်း အားလုံးကို အသိပေးအပ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Matchroom Boxing
Trs : AZL

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့ပြီး YREO အသင်းနှင့် Young Lionesses အသင်းတို့ သရေရလဒ်ထွက်ပေါ်



ရန်ကုန် ဒီဇင်ဘာ ၂၄

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များကို ယနေ့ညနေပိုင်းမှစတင်ပြီး ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နိုင်ပွဲရရှိခဲ့ပြီး YREO အသင်းနှင့် Young Lionesses အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၏ နိုင်ငံတကာပွဲစဉ်များကြောင့် ရပ်နားထားခဲ့ရာမှ ယနေ့တွင် ပြန်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ဗဟန်းလေ့ကျင့်ရေးကွင်း(၁)တွင် YREO အသင်းနှင့် Young Lionesses အသင်းတို့ ကစားခဲ့ရာ နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၅၀ တွင် စန္ဒာအောင်နှင့် ပွဲချိန် ၆၆ မိနစ်တွင် နန်းဖြူဖြူအောင်တို့က သွင်းယူခဲ့ကြသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၁)အဖြစ် ဒီဇင်ဘာ ၂၆ ရက်တွင် မြဝတီအသင်းနှင့် ISPE အသင်း၊ ရေဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

## ကမ္ဘာ့အဆင့်(၂) တင်းနစ်မယ်ဟောင်း ဗိုနာရီဗာ တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်မည်ဟု ကြေညာ

မော်စကို ဒီဇင်ဘာ ၂၄

တင်းနစ်လောကမှ အနားယူထားသည့် ရုရှားတင်းနစ်မယ် ဗိုနာရီဗာသည် ၂၀၂၆ ခုနှစ်တွင် တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေသည်ဟု ကြေညာခဲ့ကြောင်း Tennis Up To Date သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၂) နေရာထိ တက်ရောက်ခဲ့ဖူးသည့် ဗိုနာရီဗာသည် နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင်လည်း ကမ္ဘာ့အဆင့်(၇) နေရာထိ တက်ရောက်ခဲ့ဖူးသူဖြစ်သည်။

ဗိုနာရီဗာအနေဖြင့် ၂၀၂၄ ခုနှစ် မေလတွင် တင်းနစ်လောကမှ အနားယူခဲ့သော်လည်း တင်းနစ်လောကဖြင့် ကာလရှည်ကင်းကွာနေရသည့်ခံစားချက်ကို မနှစ်သက်၍ တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဗိုနာရီဗာသည် ၂၀၂၆ ခုနှစ် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပွဲဦးထွက်အနေဖြင့် ပြန်လည် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

သို့သော် တစ်ဦးချင်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မည် မဟုတ်ဘဲ နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွင်သာ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၄၁ နှစ် ရှိနေပြီဖြစ်သည့်အတွက် တစ်ဦးချင်း ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ကြံ့ခိုင်မှုပိုင်းတွင် ခက်ခဲသောကြောင့် နည်းစနစ်ပိုင်းကိုသာ ဦးစားပေးကစားရသည့် နှစ်ယောက်တွဲပြိုင်ပွဲသာ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ရုရှား တင်းနစ်အဖွဲ့ချုပ်က “ဗိုနာရီဗာကို ၂၀၂၆ ခုနှစ် တင်းနစ်ရာသီမှာ WTA Tour ရဲ့ ပြိုင်ပွဲတွေမှာ ပြန်လည်မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ ဗိုနာရီဗာဟာ နှစ်ယောက်တွဲ တင်းနစ်ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး သူ့ရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကို ဆက်လက်ထိန်းသိမ်းနိုင်ဖို့ ပစ်မှတ်ထားနေပါတယ်”ဟု ကြေညာခဲ့ကြောင်း သိရသည်။

Ref : Tennis Up To Date

Trs : AZL

## ကွာရာဘောင်းဖလားဆီမီးဖိုင်နယ်တွင် ချဲလ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ

လန်ဒန် ဒီဇင်ဘာ ၂၄

ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပဲလေ့စ်အသင်းကို ပင်နယ်လ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရခဲ့သည့် အာဆင်နယ်အသင်းက ချဲလ်ဆီးအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။





အာဆင်နယ် အသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်ကို အိမ်ကွင်းတွင် ကစားခဲ့ရသော်လည်း ပြိုင်ဘက်အသင်း၏ ခံစစ်ကစားပုံမာကျောမှုကြောင့် ဦးဆောင်ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်း ပွဲချိန် ၅၉ မိနစ်တွင် တိုက်စစ်ပိုင်းအပြောင်းအလဲပြုလုပ်ခဲ့ရာ ပွဲချိန် မိနစ် ၈၀ တွင် ပဲလေ့စ်အသင်း ခံစစ်ကစားသမား ကိုယ့်ဂိုးကိုယ်သွင်းယူမှုကြောင့် ဦးဆောင်ဂိုးရခဲ့ပြီး ပြိုင်ပွဲကို ထိန်းချုပ်ခဲ့ရာ ပွဲချိန် မိနစ် ၉၀ ကျော်တွင် ပဲလေ့စ်အသင်းက ဂူဟီ၏ ချေပဂိုးကြောင့် သရေရလဒ် ထွက်ပေါ်ခဲ့ကာ ပင်နယ်တီ အဆုံးအဖြတ် ခံယူခဲ့ရသည်။

ထိုနောက် ပင်နယ်တီအဆုံးအဖြတ်တွင် အာဆင်နယ်အသင်းက စတင်ကန်သွင်းခွင့်ရခဲ့ပြီး ရှစ်ကြိမ်ကန်သွင်းမှုတွင် ရှစ်ကြိမ်လုံး ဂိုးရခဲ့သော်လည်း ပဲလေ့စ်အသင်းက ရှစ်ကြိမ်မြောက်တွင် ခုနစ်ကြိမ်သာ ဂိုးရခဲ့သောကြောင့် အာဆင်နယ်အသင်းက အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ် အဆင့်တွင် ကာဒစ်အသင်းကို အနိုင်ရခဲ့သည့် ချဲလ်ဆီးအသင်းနှင့် တွေ့ဆုံနေပြီး အခြားဆီမီးဖိုင်နယ်တွင် လက်ရှိချန်ပီယံ နယူးကာဆယ်အသင်းက မန်စီးတီးအသင်းနှင့် ကစားရမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များကို လာမည့် ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ပထမအကျော့၊ ဖေဖော်ဝါရီ ၄ ရက်တွင် ဒုတိယအကျော့ ပွဲစဉ်များ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## မန်ယူအသင်းက ကိုဘီမိုင်နူးကို ရောင်းချမည့်အစီအစဉ် ပြန်လည်ရုပ်သိမ်း

မန်ချက်စတာ ဒီဇင်ဘာ ၂၄

မန်ယူအသင်းက လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးကို ရောင်းချမည့်အစီအစဉ် ပြန်လည်ရုပ်သိမ်းခဲ့ပြီး ရာသီကုန်ထိ အသင်းတွင် ဆက်လက်ထိန်းသိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက မန်ယူအသင်းသည် ကိုဘီမိုင်နူးကို လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်သို့မဟုတ် အပြီးသတ်ရောင်းချရန် ပြင်ဆင်ထားသော်လည်း အသင်း ကွင်းလယ်ပိုင်းတွင် ဖာနန်ဒက်အနေဖြင့် အနည်းဆုံး တစ်လခန့် အနားယူရမည့် အခြေအနေကြောင့် ကိုဘီမိုင်နူးအား ရောင်းချမည့် အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

ကိုဘီမိုင်နူးသည် လက်ရှိနည်းပြ အာမိုရင် လက်အောက်တွင် ပွဲကစားခွင့် မရရှိသည့်အတွက် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ ကာလတွင် စီးရီးအေကလပ် နာပိုလီအသင်းထံ ရာသီကုန်ထိ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့သော်လည်း ယခုအခါ မန်ယူအသင်းက ရောင်းချမည့် အစီအစဉ်ကို ပြန်လည် ရုပ်သိမ်းခဲ့သဖြင့် ကိုဘီမိုင်နူးအနေဖြင့် ရာသီကုန်ထိ မန်ယူအသင်းတွင် ဆက်လက်ကစားရမည်ဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်း ကွင်းလယ်ပိုင်း၌ အူဂါတေးအနေဖြင့် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသကဲ့သို့ ဖာနန်ဒက်သည်လည်း အနည်းဆုံး တစ်လခန့် အနားယူရမည့် အခြေအနေရှိနေသဖြင့် ကက်စမဲရိုး တစ်ဦးတည်းကိုသာ အားထားနေရသောကြောင့် မန်ယူအသင်းက ကိုဘီမိုင်နူးကို ဆက်လက်ထိန်းသိမ်းရန်အတွက် ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## လီဗာပူးအသင်း တိုက်စစ်မှူးအီဆက် ဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရဖွယ်ရှိ

လန်ဒန် ဒီဇင်ဘာ ၂၄

လီဗာပူးအသင်း တိုက်စစ်မှူး အီဆက်သည် စပါးအသင်းနှင့် ပွဲစဉ်တွင် ရရှိခဲ့သည့် ခြေထောက်ကျိုးဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်ထိ ကာလရှည် အနားယူရဖွယ်ရှိနေကြောင်း နည်းပြစလော့က အတည်ပြုပြောကြားခဲ့သည်ဟု Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

လီဗာပူးအသင်းက စပါးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့် ပွဲစဉ်တွင် အီဆက်သည် ပွဲချိန် ၄၆ မိနစ်တွင် လူစားဝင် ကစားခဲ့ပြီးနောက် ပွဲချိန် ၅၆ မိနစ်တွင် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ပွဲချိန် မိနစ် ၆၀ တွင် ဒူးဒဏ်ရာရရှိခဲ့ပြီး ဆက်လက် ကစားနိုင်ခြင်းမရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

အီဆက်၏ ဒဏ်ရာကို အသေးစိတ်စစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်သွားရမည် ဖြစ်ပြီး ဒဏ်ရာမှာ ပြင်းထန်နေသည့်အတွက် ခွဲစိတ်ကုသမှုခံယူရန် မလိုအပ်သော်လည်း ကြံ့ခိုင်မှု ပြန်လည်ပြည့်ဝရန် ယခုနှစ်ဘောလုံးရာသီကုန်ထိ ကာလရှည် အနားယူရမည့်အရေးနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

အီဆက်သည် ပြီးခဲ့သည့် ဘောလုံးရာသီက နယူးကာဆယ်အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြခဲ့ပြီးနောက် ယခုနှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက စတာလင်ပေါင်သန်း ၁၃၀ ဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

အီဆက်သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်း၌ ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရပြီး ပြိုင်ပွဲစုံ ၁၆ ပွဲတွင် သုံးဂိုးသာ သွင်းယူထားပြီး ခြေစွမ်းကျဆင်းနေခြင်းဖြစ်သည်။

လီဗာပူးအသင်း နည်းပြစလော့က “အီဆက်အနေနဲ့ ဒဏ်ရာပြင်းထန်နေလို့ ရာသီကုန်ထိကို အနားယူရနိုင်ပါတယ်။ ဒါက သူ့အတွက် ခက်ခဲတဲ့ကာလဖြစ်နေမှာပါ။ သူ့အနေနဲ့အမြန်ဆုံး ပြန်လည်သက်သာလာနိုင်ဖို့အတွက် မျှော်လင့်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# စာဖတ်ခြင်းဖြင့် ဘဝကိုမြှင့်တင်နိုင်စေ

**မောင်လှသွား(ဝမ်းတွင်း)**

တစ်နေ့က တစ်ရွာတည်းနေ သူငယ်ချင်းဖြစ်သူနှင့် လမ်းခုလတ်တစ်နေရာတွင်တွေ့၍ နှုတ်ဆက်စကားဆိုရင်းစကားပြောဖြစ်ခဲ့ကြသည်။ အကြောင်းမှာ ကျွန်တော့်ဆီမှ စာအုပ်ကိုပထမဆုံးငှားရမ်းဖတ်သော သူငယ်ချင်းကို စာအုပ်အသစ်များ ထပ်ရောက်နေကြောင်း နောက်ထပ်စာအုပ်များလည်း အချိန်မရွေးငှားနိုင်ကြောင်းနှင့် စာဖတ်ဖြစ်လားဟုမေးမြန်းလိုက်သည်။ သို့သော် သူငယ်ချင်းဖြစ်သူထံမှ ကြားလိုက်ရသည်က"စာအုပ်နှင့်သူ ဓာတ်မတည့်ကြောင်း၊ စာဖတ်လျှင် အိပ်ချင်ကြောင်းနှင့် အလုပ်မအားသောကြောင့် စာမဖတ်ဖြစ်ကြောင်းများကို ဖွဲ့သီကာပြောလေသည်။ ကျွန်တော် အတွေးပွားနေမိသည်။ လူကြီး၊ လူငယ်၊ လူလတ်မရွေး စာပေဖတ်မှတ်ခြင်းကို အလုပ်တစ်ခုကဲ့သို့ သဘောထား၍ လုပ်ဆောင်သင့်သည်။

အချို့သော လူကြီးမိဘ၊ ဆရာသမားများသည် တပည့်သားသမီးများကို ကျောင်းစာများဖြင့်သာ အချိန်ကုန်ဆုံးစေကြသည်။ ပညာသင်ကြားချိန်တွင် ကျောင်းစာများဖြင့် အချိန်ကုန်စေသည်မှာ မှန်သော်လည်း အားလပ်ချိန်များတွင် စာပေဖတ်မှတ်ခြင်းများကို ပြုလုပ်သင့်သည်။ စာဖတ်ခြင်းဖြင့် အသိဉာဏ်အလင်းတံခါးများကို ဖွင့်ကြရမည်။ စာမဖတ်သူသည် လောကကိုရှုမြင်ရာ၌ စာဖတ်သောသူလောက် မြင်တတ်မည် မဟုတ်ပေ။ ဥပမာပြရလျှင် စာမဖတ်လျှင် ပြတင်းပေါက်ပါသော်လည်း အလင်းကိုကောင်းစွာမရသော အိမ်နှင့်တူသည်။ ပြတင်းပေါက်များကို ဖွင့်ကြည့်ပါမှ အလင်းကိုကောင်းစွာ ရနိုင်သကဲ့သို့ သဘာဝရှုခင်းများကိုပါ ကြည့်မြင်နိုင်မည့်အပြင် သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်များကို ရရှိမည်ဖြစ်သည်။ အတန်းပညာများက အလုပ်တစ်ခုရစေသည်ဟုဆိုလျှင် ပြင်ပစာအုပ်စာပေများသည် အလုပ်လုပ်ရာ၌ လုပ်ငန်းခွင်ထဲတွင် အောင်မြင်သောသူ၊ ပျော်ရွှင်သောသူ ဖြစ်လာစေရန် လမ်းညွှန်ပြသပေးနိုင်ကြောင်းကို သတိမူကြရမည်ဖြစ်သည်။ ထို့ကြောင့် လူသားတိုင်း စာအုပ်စာပေများ လေ့လာဖတ်ရှုသင့်ပေသည်။

လူတိုင်း စာအုပ်စာပေများ ဖတ်မှတ်သင့်သည်။ သားသမီးများကို ငယ်ရွယ်စဉ်ကတည်းက စာပေများဖတ်မှတ်သော အလေ့အကျင့်ကို ပျိုးထောင်ပေးကြရမည်။ စာဖတ်ခြင်းဖြင့် အနာဂတ်ကို ကောင်းစွာပုံဖော်နိုင်သည်။ စဉ်းစားတွေးခေါ်မှု အားကောင်းစေပြီး မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စွမ်းရှိလာမည်ဖြစ်သည်။ အကြောင်းအကျိုး၊ အကောင်းအဆိုးကိုလည်း ဝေဖန်ပိုင်းခြားတတ်လာစေသည်။ ကိုယ်ချင်းစာတရားများ ကိန်းအောင်းလာစေရုံသာမက စိတ်နေစိတ်ထားများကိုလည်း နူးညံ့သိမ်မွေ့လာစေသည်။ ထို့ပြင် လောကဓံ၏ အလှည့်အပြောင်းများကို ရင်ဆိုင်ရဲသော စိတ်ဓာတ်များကိုလည်း စာဖတ်ခြင်းဖြင့် ရရှိစေသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဟူသည့်အတိုင်း စာပေများသည် လူသားတိုင်း၏ မိတ်ကောင်းဆွေကောင်းများဖြစ်သကဲ့သို့ ဆရာကောင်းလည်း ဖြစ်သည်။ ငါးရာ့ငါးဆယ်နိပါတ်တော်လာ ဝတ္ထုများမှ ဘုရားလောင်း၏စိတ်နေစိတ်ထားများသိရှိပြီး အတုယူကာ စိတ်ကောင်းရှိသူများ ဖြစ်လာနိုင်မည်။

> ❖ ပညာသင်ကြားချိန်တွင် ကျောင်းစာများဖြင့် အချိန်ကုန်စေသည်မှာမှန်သော်လည်း အားလပ်ချိန်များတွင် စာပေဖတ်မှတ်ခြင်းများကို ပြုလုပ်သင့်သည်။ စာဖတ်ခြင်းဖြင့် အသိဉာဏ်အလင်းတံခါးများကို ဖွင့်ကြရမည်။ စာမဖတ်သူသည် လောကကိုရှုမြင်ရာ၌ စာဖတ်သောသူလောက် မြင်တတ်မည်မဟုတ်ပေ။ ဥပမာပြရလျှင် စာမဖတ်လျှင် ပြတင်းပေါက်ပါသော်လည်း အလင်းကိုကောင်းစွာမရသော အိမ်နှင့်တူသည်။ ပြတင်းပေါက်များကိုဖွင့်ကြည့်ပါမှ အလင်းကို ကောင်းစွာရနိုင်သကဲ့သို့ သဘာဝရှုခင်းများကိုပါ ကြည့်မြင်နိုင်မည့် အပြင် သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်များကို ရရှိမည်ဖြစ်သည်။ ❖

ထို့အတူထူးချွန်သောလူတော်လူကောင်းများဖြစ်ကြသည့် ကမ္ဘာကျော်၊ နိုင်ငံကျော်လူပုဂ္ဂိုလ်များ၏ အကြောင်းအရာများကို ရေးသားထားသော အတ္ထုပ္ပတ္တိစာပေများကို ဖတ်မှတ်ခြင်းဖြင့်လည်း အားကျအတုယူလိုစိတ်များ ဖြစ်ပေါ်စေသည်။ အောင်မြင်ကျော်ကြားသူတို့၏ နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့သော ဘဝများ၊ အောင်မြင်မှုများကို စာပေဖတ်မှတ်၍ ရယူနိုင်သည်။ ထိုကဲ့သို့ပင် ကြီးပွားအောင်မြင်ရေး တက်ကျမ်းစာအုပ်များကို ဖတ်မှတ်ခြင်းဖြင့်လည်း ကြိုးစားချင်စိတ်များ၊ လောကဓံ၏ အရိုက်အပုတ်များကို အန်တုကာ ခံနိုင်ရည်ရှိသော စိတ်ဓာတ်များ၊ ကြီးပွားအောင်မြင်လိုစိတ်များ ဖြစ်ပေါ်လာမည်ပင်ဖြစ်သည်။ အလားတူ စိတ်ဓာတ်မြှင့်တင်ရေး စာပေများကို ဖတ်မှတ်ခြင်းဖြင့်လည်း ကျနေသောစိတ်ဓာတ်များ ပြန်လည်မြင့်တက်လာပြီး အလုပ်တစ်ခုကို ကြိုးစားလုပ်ကိုင်ချင်စိတ်များ ပေါ်ပေါက်လာမည်ဖြစ်သည်။

ခရီးသွားဆောင်းပါးများ ဖတ်မှတ်ခြင်းဖြင့်လည်း ပြည်တွင်းဗဟုသုတများသာမက ပြည်ပဗဟုသုတများကိုပါ ရရှိနိုင်သည်။ ငွေကုန်ကြေးကျခံစရာမလိုဘဲ စာပေဖတ်မှတ်၍ ဒေသန္တရဗဟုသုတများစွာကို ရရှိနိုင်သည်။ အတွေးအမြင်စာအုပ်စာပေများ ဖတ်မှတ်ခြင်းဖြင့်လည်း အတွေးအခေါ်ဉာဏ်ပညာများ ရင့်သန်လာကာ သိမှတ်စရာ ဗဟုသုတများစွာ ရရှိမည်ဖြစ်သည်။ ထို့ပြင် ပညာရှိကြီးများ၏ အဆုံးအမ စာပေများကို ဖတ်မှတ်ခြင်းဖြင့်လည်း အသိဉာဏ်ပညာနှင့် ပြည့်စုံသူဖြစ်လာမည်ဖြစ်သည်။

ထို့အတူပင် ရသစာပေများကို ဖတ်ရှုခြင်းဖြင့်လည်း စာဖတ်သူ၏နှလုံးသားကို နူးညံ့စေသည့်အပြင် ပတ်ဝန်းကျင်ကို သတိပြုလာစေပြီး ခံစားမှုရသပေါင်းစုံကို ရရှိခံစားနိုင်မည်ဖြစ်သည်။ ဝတ္ထုထဲတွင်ပါရှိသော ဇာတ်ကောင်တို့၏ စရိုက်သဘာဝကို ရှုမြင်သုံးသပ်ခြင်းဖြင့် စာနာသနားစိတ် ကိုယ်ချင်းစာစိတ်များ ကိန်းအောင်းဖြစ်ပေါ်လာမည်။ ထို့ပြင် စိတ်အလိုလိုက်မိခြင်းကြောင့် ဒုက္ခရောက်ရခြင်း၊ အပေါင်းအသင်းမှားသောကြောင့် ဘဝပျက်ရခြင်း၊ ဆုံးဖြတ်ချက် မပြတ်သားသောကြောင့် အခွင့်အလမ်းများ ဆုံးရှုံးရခြင်း စသည့်အမှားများကို ဝတ္ထုဖတ်ခြင်းဖြင့် သိရှိနိုင်သည်။ ထို့အတူ တရားခြင်း၊ မတရားခြင်းတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ အာဃာတ၊ မာန်မာနအစရှိသော အဆိုးများကြောင့် ဖြစ်ပေါ်လာသော အကြောင်းအရာများကို သတိထားမိလာသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့၏ ကြီးမြတ်ပုံနှင့်အတူ သည်းခံခွင့်လွှတ်တတ်ခြင်းများ၏ အေးချမ်းမှုများကို သိရှိလာစေသည်။ ထို့အတူ မတရားမှုများကို ရွံရှာတတ်လာသည်။ မှန်ကန်မှုများကို အားပေးထောက်ခံတတ်လာသည်။ ထို့ပြင် ရသအက်ဆေးများ၊ ကဗျာများဖတ်ရှုခြင်းဖြင့်လည်း စာဖတ်သူ၏ စိတ်ဘဝင်ကို နူးညံ့စေသည့်အပြင် သိမှတ်စရာ ဗဟုသုတများစွာကို ရရှိမည်ဖြစ်သည်။

သည်နေရာတွင် စာရေးသူဖတ်မှတ်ခဲ့ဖူးသော အကြောင်းအရာတစ်ခုကို ပြန်လည်မျှဝေလိုသည်။ အင်္ဂလန်နိုင်ငံရှိ မိသားစုတစ်စုတွင် ဖခင်ဖြစ်သူက မိုးလင်းမှမိုးချုပ်သည်ထိ အရက်ကိုတစ်နေကုန်သောက်ကာ အရက်မူးလာသည့်အခါတိုင်း မိခင်ဖြစ်သူကို ဆဲဆိုရိုက်နှက်ရုံသာမက သားနှစ်ယောက်ကိုပါ ဆဲဆိုကြိမ်းမောင်း ရိုက်နှက်လေသည်။ နေ့စဉ်နေ့တိုင်း ဆဲဆိုကြိမ်းမောင်းသောအခါ သားကြီးဖြစ်သူက မနက်လင်းသည်နှင့် အိမ်မှထွက်ကာ လမ်းပေါ်တွင် အချိန်ကုန်လေသည်။ အချိန်ကြာလာသောအခါ လမ်းပေါ်တွင်ရှိသော လူဆိုးသူခိုးများနှင့် ပေါင်းသင်းကာ လူဆိုးသူခိုးဖြစ်လာသည်။ လုယက်ခိုးယူမှုများ ကျူးလွန်လာသည်။ ထိုမှတစ်ဆင့် ဓားပြဖြစ်လာသည်။ ဓားပြတိုက်ရင်း လူသတ်မှုကျူးလွန်သောအခါ ရဲကဆွဲထုတ်၍ ဖမ်းလေသည်။ ဖမ်းမိသောအခါ သတင်းထောက်တစ်ယောက်က ဘာကြောင့် လူသတ်ဓားပြဖြစ်ရသည်ကို မေးလေသည်။ ထိုအခါ သားကြီးဖြစ်သူက "အဖေ့ကြောင့်ပေါ့ အဖေက နေထွက်နေဝင်မူးနေပြီး အမေ့ကိုလဲ ဆဲဆိုရိုက်နှက်တယ်။ ကျုပ်တို့ကိုလဲ ဆဲဆို ရိုက်နှက်တယ်။ အဖေရှိရင် အိမ်မှာမနေချင်လို့ လမ်းပေါ် ထွက်နေရင်း လူဆိုးသူခိုးတွေနဲ့ ပေါင်းသင်းဖြစ်ပြီး အခုလိုဘဝရောက်ရတာပါပဲ" ဟုပြောသည်။

ထိုအခါ သတင်းထောက်က ညီအစ်ကိုမောင်နှမများ ရှိ၊ မရှိမေးသောအခါ ညီတစ်ယောက်ရှိကြောင်း၊ တက္ကသိုလ်တစ်ခုတွင် ပါမောက္ခဖြစ်နေကြောင်းနှင့် ညီဖြစ်သူ၏အမည်နှင့် တက္ကသိုလ်အမည်ကို ပြောပြလိုက်သည်။ သတင်းထောက်လည်း ပါမောက္ခကြီး ရှိရာသို့သွား၍ အစ်ကိုဖြစ်သူ အဖမ်းခံရသည်ကို ပြောပြသောအခါ ညီဖြစ်သူပါမောက္ခကြီးက သတင်းစာဖတ်၍ သူသိကြောင်း ပြောလေသည်။ သတင်းထောက်လည်း ပါမောက္ခဖြစ်လာပုံကို မေးလေသည်။ ထိုအခါ ပါမောက္ခကြီးက "အဖေပေါ့ဗျာ၊ အဖေက အရက်သမား တစ်နေကုန်မူးနေတာပဲ။ မူးရင်လဲ အေးအေးဆေးဆေး မနေဘူးဗျာ။ အမေနဲ့ ကျွန်တော်တို့ညီအစ်ကိုကို ဆဲဆိုရိုက်နှက်လို့ ကျွန်တော် အိမ်မှာနေချင်စိတ်မရှိလို့ ရပ်ကွက်စာကြည့်တိုက်ကိုသွားပြီး စာအုပ်တွေသွားဖတ်တယ်။ ရပ်ကွက်စာကြည့်တိုက်မှာ ဖတ်စရာစာအုပ်တွေကုန်သွားတော့ မြို့ပေါ်က စာကြည့်တိုက်တွေဆီသွားဖတ်တာပေါ့။ စာဖတ်များလာတော့ ကျောင်းစာမေးပွဲတွေက ကျွန်တော့်အတွက် သိပ်မခက်ခဲတော့ဘူး။ နောက်ဆုံးမှာ အခုလိုဘဝ ရောက်လာတာပါပဲ" ဟု ပြောလေသည်။

အထက်ပါ အဖြစ်အပျက်သည် အခြေအနေချင်းတူပါလျက် လမ်းပေါ်တွင်အချိန်ကုန်သူက ဓားပြဖြစ်သွားသည်။ စာကြည့်တိုက်တွင် စာအုပ်စာပေများ ဖတ်မှတ်သူက တက္ကသိုလ်ပါမောက္ခဖြစ်သွားသည်။ ထိုအရာသည် မိမိဘဝကို စာပေဖြင့်အကောင်းဆုံး မြင့်မားအောင် မြှင့်တင်နိုင်ကြောင်းကို ထင်ဟပ်ပြသနေသည်။ ထိုကဲ့သို့ပင် ပခုက္ကူဦးအုံးဖေစာပေဆုကို မတည်ထူထောင်ခဲ့သော ပခုက္ကူဦးအုံးဖေသည် ငယ်စဉ်က လူဆိုးလူမိုက်တစ်ယောက်ဖြစ်သည်။ သို့သော် စာဖတ် ဝါသနာပါသူဖြစ်သည်။ ဖဲရိုက်စရာ ပိုက်ဆံမရှိလျှင် သူ့ဦးလေးအိမ်သို့သွား၍ စာဖတ်သူဖြစ်သည်။ သို့သော် ပိုက်ဆံရှိလျှင် ဖဲရိုက်သည်။ နောက်ပိုင်းတွင် ထောင်ကျသွားသည်။ ထောင်ထဲတွင် ထောင်မှူးက ဦးအုံးဖေကို ထောင်တွင်းစာကြည့်တိုက်တွင် တာဝန်ပေးသည်။ စာဖတ်ဝါသနာပါသော ဦးအုံးဖေသည် များစွာသော စာအုပ်များကိုဖတ်၍ ထောင်မှထွက်လာသောအခါ စီးပွားရေးလုပ်ကာ အောင်မြင်သော လုပ်ငန်းရှင်ဖြစ်လာသည်။ ထိုသို့ စာပေကြောင့် ဘဝပြောင်းသွားသည်ကိုသိရှိ၍ ကျေးဇူးဆပ်ရန် ပခုက္ကူဦးအုံးဖေစာပေဆုကိုသာမက ဦးအုံးဖေစာကြည့်တိုက်နှင့် ထနောင်းကုန်းရွာ စာကြည့်တိုက်တို့ကိုပါ တည်ထောင်ခဲ့သည်။

အထက်ပါ အကြောင်းအရာများကို ကြည့်ခြင်းဖြင့် စာဖတ်ခြင်းသည် လူတစ်ယောက်၏ဘဝကို မြင့်မားအောင် မြှင့်တင်နိုင်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။ ထို့ကြောင့် စာအုပ်စာပေများဖတ်မှတ်ခြင်းဖြင့် မိမိတို့၏ဘဝကို အကောင်းဆုံးဖြစ်အောင် မြှင့်တင်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

**ကိုးကား**

**- ဗန်းမော်သိန်းဖေ၏ မျှဝေလိုသော အတွေးများ (၃)**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မပြိုလဲနိုင်သောနှလုံးသားများ(Light From Fate) ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလပထမပတ်တွင် ရုံတင်ပြသမည်ဖြစ်




**ရန်ကုန် ဒီဇင်ဘာ၂၄**

Bellarie Production နှင့် LIVING MYANMAR Media Production တို့ပူးပေါင်းစီစဉ်ထုတ်လုပ်သည့် မပြိုလဲနိုင်သော နှလုံးသားများ ( Light From Fate ) ရုပ်ရှင်ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလပထမပတ်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ သော်ဇင်က ပြောပြ၍ သိရသည်။

မပြိုလဲနိုင်သောနှလုံးသားများ (Light From Fate) ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ညွှန်းက ရေးသားထားပြီး အကြံပေးဒါရိုက်တာ Nick Ryan၊ တွဲဖက်ဒါရိုက်တာ သန့်ဇင်၊ ဒါရိုက်တာ သော်ဇင်တို့က Bellarie Production နှင့် LIVING MYANMAR Media Production တို့အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"မပြိုလဲနိုင်သော နှလုံးသားများ (Light From Fate) ရုပ်ရှင်ဇာတ်ကားကတော့ တည်ဆောက်ခဲ့ရတဲ့ဘဝတွေကို ဖြိုလဲခဲ့တဲ့ လောကဓံနဲ့ မပြိုလဲနိုင်တဲ့ နှလုံးသားတွေကြားက အားပြိုင်ပွဲအကြောင်းကို ရိုက်ကူးထားတာ ဖြစ်ပါတယ်။ ငလျင်ကာလတွေ့ကြုံခံစားခဲ့ကြရတဲ့ ပြည်သူတွေရဲ့ ဘဝနဲ့ကယ်ဆယ်ရေးသမားသူရဲကောင်းတွေ အကြောင်းကို ပုံဖော်ရိုက်ကူးထားတာပဲ ဖြစ်ပါတယ်"ဟု ဒါရိုက်တာ သော်ဇင်က ပြောပြသည်။

မပြိုလဲနိုင်သောနှလုံးသားများ (Light From Fate) ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ဖြိုးငွေစိုး၊ နေမင်း၊ မင်းဦး၊ ဇော်ဝင်းနိုင်(မန်း)၊ ကိုဟိန်း၊ ရတနာဗို၊ ချိုပြုံး၊ ကလေးသရုပ်ဆောင် ငြိမ်းစုဝေ၊ ရှင်ပြုံးခင်၊ သားချောနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Avatar:Fire and Ash ၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ဝင်ငွေ ကန်ဒေါ်လာ သန်း ၃၅၀ ထိရှိလာ

**နယူးယောက် ဒီဇင်ဘာ ၂၄**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ Avatar: Fire and Ash ဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၃၅၀ ထိရှိလာကြောင်း ဒီဇင်ဘာ ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀ ရာစုရုပ်ရှင်စတူဒီယိုသည် Avatar: Fire and Ash ဇာတ်ကားကို ဒီဇင်ဘာ ၁၉ ရက်တွင် စတင်ရုံတင်ခဲ့ရာ ၎င်းနေ့တစ်နေ့တည်းမှာပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိခဲ့သည်။

အထက်ပါဝင်ငွေအတိုင်းအဆအရ Avatar: Fire and Ashဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၃၅၀ က ထိရှိလာကြောင်း၊ Avatar: Fire and Ash ဇာတ်ကားသည် Avatar ဇာတ်ကားများ၏ တတိယမြောက်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို ကမ္ဘာကျော်ဒါရိုက်တာကြီး ဂျိမ်းစ်ကင်မရွန်က တာဝန်ယူရိုက်ကူးခဲ့ပြီး မင်းသား ဆမ်ဝေါ့သင်တန်၊ စတီဖင်လန့်၊ မင်းသမီး ဇိုးဆယ်ဒါနာ၊ ကိတ်ဝင်းစလက်နှင့် မီရှဲယိုတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# တေးသံရှင်များစွာပါဝင်သည့် Rangoon Downtown New Year Lifestyle Countdown Festival ကို ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး၌ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

တေးသံရှင်များစွာ ပါဝင်သည့် Rangoon Downtown New Year Lifestyle Countdown Festival ကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး၌ ဒီဇင်ဘာ ၃၁ ရက်ညတွင် ကျင်းပသွားမည်ဖြစ်ကြောင်း တေးသံရှင် ဘန်နီဖြိုးက ပြောပြ၍ သိရသည်။

ဒီဇင်ဘာ ၃၁ ရက်ညတွင်ကျင်းပမည့် Rangoon Downtown New Year Lifestyle Countdown Festivalတွင် တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၊ ရဲလေး၊ အာတီ၊ ဘန်နီဖြိုး၊ နီနီခင်ဇော်နှင့် Bobby Soxer တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နဲ့အတူ Countdown ပြုလုပ်ပြီး နှစ်သစ်ကို ကြိုဆိုရမဲ့ Rangoon Downtown New Year Lifestyle Countdown Festival 2026 မှာ နှစ်သစ်ကို




အခမ်းနားဆုံး အမှတ်တရတွေနဲ့ ဖြတ်သန်းနိုင်ဖို့ အဆင်သင့်ဖြစ်နေတဲ့ ရန်ကုန်က ပရိသတ်ကြီးအတွက် Altitude Entertainment Group ကနေ ဒီဇင်ဘာ ၃၁ ရက်မှာ ဝန်ကြီးများရုံးအဆောက်အအုံဝင်းအတွင်းမှာ နှစ်သစ်ကူးညကို စည်စည်ကားကားကျင်းပသွားမှာဖြစ်တဲ့အတွက် လာရောက်ခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဘန်နီဖြိုးက ပြောပြသည်။

တေးသံရှင်များစွာ ပါဝင်မည့် Rangoon Downtown New Year Lifestyle Countdown Festival တွင် တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၃၁ ရက် ည ၆ နာရီ မိနစ် ၃၀ မှ စတင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Spider-Man:Brand New Day ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း တရားဝင်ပြီးဆုံး

**နယူးယောက် ဒီဇင်ဘာ ၂၄**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Spider-Man: Brand New Day ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း တရားဝင်ပြီးဆုံးပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၃ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

Spider- Man: Brand New Day ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းပြီးဆုံးမှုကို ဒါရိုက်တာ ဒက်စတင်ခရက်တန်က အတည်ပြုကြေညာထားခြင်းဖြစ်သည်။

Spider- Man: Brand New Day ဇာတ်ကားတွင် မင်းသား တွမ်ဟော်လန်း၊ မာ့ရပ်ဖလိုးနှင့် မင်းသမီး ဇန်ဒါယားတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ်မက္ကင်နာနှင့် အားရစ်ဆုပ်မာတို့က ရေးသားပေးထားသည်။

အဆိုပါဇာတ်ကားသည် ၎င်းတာဝန်ယူခဲ့ဖူးသမျှ ရုပ်ရှင်ဇာတ်ကားများထဲတွင် အကြီးအကျယ် အခမ်းနားဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း ဒါရိုက်တာ ဒက်စတင်ခရက်တန်က ပြောကြားထားသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Spi-der- Man: Brand New Day ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# မန္တလာပွဲခင်း နှစ်သစ်ပွဲတော် သဘင့်အနုပညာဖျော်ဖြေပွဲကို အမရပူရမြို့နယ်ရှိ Amarapura Icon တွင် ပြုလုပ်သွားမည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မန္တလာပွဲခင်း နှစ်သစ်ပွဲတော် သဘင့်အနုပညာ ဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ Amarapura Icon ၌ ပြုလုပ်မည်ဖြစ်ကြောင်း သဘင့်မင်းသားဖံဟိန်း (စိန်မဟာသဘင်) က ပြောပြ၍ သိရသည်။

အဆိုပါ မန္တလာပွဲခင်းနှစ်သစ်ပွဲတော် သဘင့်အနုပညာဖျော်ဖြေပွဲကို Amarapura Icon တွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက် ညနေ ၅ နာရီမှစတင်ကာ ဖျော်ဖြေသွားမည်ဖြစ်ပြီး စိန်မဟာသဘင် သဘင့်မင်းသား ဖံဟိန်း၊ အလင်းသစ်မြန်မာမှုအကအဖွဲ့မှ သဘင့်မင်းသား ဆန်းမင်းအောင်၊ ဘွန်း၊ ဖူးချစ်၊ ကောင်းနိုး၊ သုတအောင်တို့နှင့်အတူ သဘင့်မင်းသမီးများဖြစ်ကြသည့် ရွှေမင်းသမီး နန်းခင်မွေး၊ အေးသန္တာဗို၊ ချမ်းချမ်းမိုး၊ နိုဘယ်လှိုင်တို့က တွဲဖက်တင်ဆက်ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်ကတော့ Amarapura Icon နဲ့ Po Sein Entertainment တို့ပူးပေါင်းစီစဉ်တင်ဆက်တဲ့ သဘင်အနုပညာဖျော်ဖြေပွဲ ဖြစ်ပါတယ်။ ရန်ကုန်မှာလဲ ပွဲခင်းဆိုတဲ့အမည်နဲ့ သဘင့်အနုပညာဖျော်ဖြေပွဲတွေ တင်ဆက်နေသလို မန်းမြေမှာလဲ ပွဲခင်းသဘင့်အနုပညာဖျော်ဖြေပွဲတွေ တိုးချဲ့တင်ဆက်နေတာ ဖြစ်ပါတယ်"ဟု သဘင့်မင်းသား ဖံဟိန်းက ပြောပြသည်။

မန္တလာပွဲခင်း နှစ်သစ်ပွဲတော် သဘင့်အနုပညာဖျော်ဖြေပွဲတွင် သဘင့်မင်းသား၊ မင်းသမီးများနှင့်အတူ ရွှင်ပျော်၊ ရာဇာပေါက်စီ၊ ဘိုင်အို၊ ဂျက်ဆစ်၊ ဝေတိုးတို့မှလည်း အားဖြည့်ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing attends 40th Anniversary Ruby Jubilee of Ministry of Energy, the centennial anniversary of Thanlyin Oil Refinery and opening of Energy Museum





Senior General Min Aung Hlaing formally unveils the ceremony to mark the 40th Anniversary Ruby Jubilee of the Energy Ministry and the centennial anniversary of Thanlyin Oil Refinery.

**Nay Pyi Taw December 24**

Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission Senior General Min Aung Hlaing attended the ceremony to mark the 40th Anniversary Ruby Jubilee of Ministry of Energy and the centennial anniversary of Thanlyin Oil Refinery, and the opening ceremony of Energy Museum at No 1 Oil Refinery (Thanlyin) in Thanlyin of Yangon Region this morning.

Also present at the ceremony were Secretary of the Commission General Ye Win Oo, Union ministers, the Yangon Region Chief Minister and officials, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command and officials.

On arrival at the venue for the ceremony, the Senior General and party were warmly welcomed by staff from the Ministry of Energy, students, bands, traditional cultural dance troupes, ethnic youth and officials.

**Opening ceremony of the Energy Museum**

Secretary of the Commission General Ye Win Oo, Union Minister for Energy U Ko Ko Lwin and Yangon Region Chief Minister U Soe Thein formally cut the ribbon to open the museum. The Senior General unveiled the stone post.

The Senior General sprinkled scented water on the stone post. The Secretary of the Commission and attendees also sprinkled scented water on the post.

The Senior General and party visited outside displays of the museum and had documentary photos taken. The Senior General and party interestingly viewed round each booth of the museum and gave necessary guidance to officials. The Senior General signed the guests' book of the museum.

**The 40th Anniversary Ruby Jubilee of the Energy Ministry and the centennial anniversary of Thanlyin Oil Refinery**

The 40th Anniversary Ruby Jubilee of the Energy Ministry and the centennial anniversary of Thanlyin Oil Refinery as the second portion of the ceremony followed. The Senior General unveiled the ceremony by applying the digital technology.

Students from the National University of Arts and Culture (Yangon) under the Ministry of Religious Affairs and Culture performed dances with the song "From Energy to Power".

Speaking on the occasion to mark the 40th Anniversary Ruby Jubilee of the Energy Ministry and the centennial anniversary of Thanlyin Oil Refinery, the Senior General said that the Ministry of Energy, which was established in April 1985, has now reached its 40th anniversary and is marking its ruby jubilee. Likewise, the Thanlyin Oil Refinery, which was founded in 1925, has reached its centenary. Therefore, this year is not only part of a successful historical legacy for the Ministry of Energy but also a year worthy of pride.

The Ministry of Energy is one of the country's important ministries, as it has consistently made dedicated efforts across successive eras to supply energy—an essential lifeline for national development.

Although the Ministry of Energy has been formally established and operated as a distinct ministry for 40 years to date, Myanmar's oil industry in fact dates back to the era of the ancient Myanmar kings, and therefore represents a sector with a long and enduring history.

Myanmar has a long record of notable historical milestones in the oil industry. According to historical records, the British began oil refining operations as early as 1871 under the name "Rangoon Oil Company." In 1925, the Thanlyin Oil Refinery was constructed using modern technology, with a daily processing capacity of 800,000 gallons.

Subsequently, the Thanlyin Oil Refinery was expanded in phases and continued to produce various petroleum products. However, due to factors such as insufficient raw material supply and the failure of the refined fuel products to meet market quality requirements, refining operations at the refinery were suspended in 2017. As of now, the suspension has lasted for more than eight years.

However, as the Ministry of Energy has made continuous efforts to help meet the country's fuel needs through alternative means, a new Thanlyin Oil Refinery with an annual processing capacity of 500,000 tonnes is expected to begin operations in the near future as phase I. The Senior General expressed his delightedness that phase II will be implemented to develop a refinery capable of processing three million tonnes per year.

The Ministry of Energy is working to develop new offshore natural gas projects and discover new oil fields, while also taking steps to restore aging oil refineries, petrochemical plants, and fertilizer factories to full operational capacity. In addition, efforts are underway to increase output from existing oil fields by applying modern technologies, working in cooperation with national oil entrepreneurs to systematically drill oil wells, and upgrading oil and natural gas pipeline networks. Through these sustained and concerted efforts, there is confidence that the country's energy sector will continue to develop year by year.



Senior General Min Aung Hlaing sprinkles scented water on the stone post of the Energy Museum.

The development and progress of energy-sector infrastructure to its current level has been made possible only through the collective and united efforts of all intellectuals and skilled professionals who have served the Ministry of Energy across successive periods, contributing both physical and intellectual labour. For the achievements and progress that represent the fruits of these sustained efforts, the State wishes to express its recognition and gratitude to all responsible officials and staff members concerned.

Today, countries around the world can be seen expanding their exploration and integration of not only fossil fuels such as oil, natural gas, and coal, as well as nuclear energy,

*See Page 13*



Senior General Min Aung Hlaing visits a booth of the Energy Museum.

*From Page 12*

but also renewable energy resources including hydropower, solar energy, wind power, biomass, and hydrogen, and using them in combination as an energy mix.

Taking a glimpse at energy development measures of respective world countries, it can be seen that they have aimed to increase the use of renewable energy but they have continued to mainly rely on oil and gas to meet the rapidly rising energy demand.

In Myanmar too, measures are being taken to generate electricity from solar and wind energy like other world countries while the government has been pushing efforts to replace current vehicles with electric ones to reduce the consumption of fuel oil. On the other hand, I would like to emphasize that measures are being taken to apply advanced technologies to decrease environmental impacts due to oil and gas.

I would also like to seriously urge all to invest in systematic exploration, exploitation and use of oil and gas sources in cooperation between oil giants from friendly nations and national entrepreneurs and to consistently pursue the development of technology, research and human resources as an important measure.

Based on our experience, it is known to all that offshore projects implemented as a result of invitation and cooperation with international oil giants can not only help meet the energy demand of the country but also provide foreign exchange earnings for the country. I would like to urge all to exert efforts to further implement projects that serve the interests of the people and the country.

At present, the Ministry of Energy has stepped up efforts to use AI technology and 3D Seismic technology in exploration of oil and gas, to domestically produce high quality fuel oils by building new refineries, to build more fertilizer factories and to upgrade technologies. I would like to urge all to successfully carry out such tasks by setting the goal not only for energy security but also for energy independence for the country.

Another point I would like to make is that relevant departments are required to compile operational facts and sound historical records in carrying out development tasks. Historical records are milestones and evidence that will document and preserve our efforts.

Only when such historical records are compiled, will upcoming new generations be able to learn about our efforts. As the public will be able to learn the developments in successive eras from the historical records, sculptures and small-scaled models displayed in the museum, the Ministry of Energy is urged to consistently make efforts to make the museum more complete and developed.

The Ministry of Energy is also urged to continue to implement important projects successfully like the Thanlyin New Oil Refinery project that will enhance the energy sufficiency and security of the country.

In addition, I wish the ministry continued success in its efforts to implement measures for energy sufficiency and security to fulfill the energy consumption and to maintain the sustainable use of valuable natural resource with the aim of serving the interests of the people and the country in accordance with its motto "Abundant Energy Supplies Serve the Interests of Country." I wish the ministry long-lasting existence and continued success for many more jubilees on the occasion of the 40th Anniversary Ruby Jubilee and the centenary of Thanlyin Oil Refinery.

Then, the union minister for energy reported to the Senior General on efforts and future tasks of the ministry.

Afterward, the Senior General accepted a gift commemorating the 40th Anniversary Ruby Jubilee of the ministry and centenary of the Thanlyin Oil Refinery presented by the union minister for energy.


Then, the Senior General and party watched the documentary Movie commemorating the events.

Afterward, a video showing the recitation of a poem written by Union Minister for Energy U Ko Ko Lwin with the aim of inspiring all energy staff and read out by Hay Mar Ne Win was screened and the ceremony concluded successfully.

100

# 494 illegal structures used for online fraud and gambling in KK Park demolished; additional buildings sealed in Shwe Kokko area

Documentation of the demolition of illegally constructed two-storey residential buildings in Section (3) of the KK Park area using incendiary methods.



The ongoing demolition process.



Completed demolition.

**Nay Pyi Taw December 24**

The Myanmar government is carrying out coordinated operations to dismantle illegal structures and seize equipment used in online fraud and gambling activities in the Shwe Kokko and KK Park areas, where such crimes are most heavily concentrated. These operations are being conducted by joint teams comprising security forces, administrative bodies, and relevant local authorities.

As part of the ongoing crackdown on online fraud and gambling, three illegal four-storey buildings located in Section (3) of the Myawady–Maehtawthalay (KK Park) area, which were used for online fraud and gambling activities, were demolished today. As a result, out of a total of 635 illegal structures identified in the KK Park area, 494 have now been systematically demolished. In addition, to ensure complete destruction of the illegal buildings in the KK Park area that had already been demolished using machinery, further demolition using fire and explosive methods has been carried out since December 14. As of today, five more two-storey buildings have been destroyed, bringing the total number of two-storey buildings completely demolished to 46.

Similarly, inspections of buildings used for online fraud in the Shwe Kokko area have been conducted since November 18. To date, 169 illegal structures have been identified. In order to prevent their reuse, sealing and confiscation measures have been continuously implemented. As of today, two additional illegal seven-storey buildings have been sealed, bringing the total number of sealed illegal structures to 163.

Furthermore, equipment used in online fraud and gambling activities in the KK Park and Shwe Kokko areas was systematically destroyed by burning today to prevent any further use. It was also reported that the Government regards the eradication of online fraud and gambling as a national duty and will continue its efforts to ensure that such activities cannot take root anywhere in Myanmar, working in coordination not only with domestic forces but also with neighbouring countries' governments. 100



Sealing and confiscation of buildings used to carry out online fraud in the Shwe Kokko area.



Destruction by burning of equipment used by those involved in online fraud and gambling activities in the KK Park area.

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing attends 78th Founding Anniversary of Tatmadaw (Navy)

# Tatmadaw (Navy) must uphold its dignity and that of Tatmadaw through preservation and relaying of its noble virtues



Senior General Min Aung Hlaing takes the salute of the Guard of Honour.

**Nay Pyi Taw December 24**

The 78th Founding Anniversary of Tatmadaw (Navy) of the Republic of Union of Myanmar was held at Thiri Maha Zeyakyaw Htin Hall of Naval Training HQ, Thanlyin Station, this morning, graced by Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present at the ceremony together with the Senior General were his wife, Daw Kyu Kyu Hla, SSPC Secretary General Ye Win Oo and wife, retired commanders in chief (Air) and wives, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, union level dignitaries and wives, senior military officers from Office of Commander-in-Chief and wives, the Yangon Command commander, commanders of Naval Commands, Naval Base commanders, officers, other ranks and families of Tatmadaw (Navy), officials and guests.

In his address, the Senior General said the history of Tatmadaw (Navy) tells us that it was established since the time of ancient Myanmar monarchs. Founded in the 12th century during the time of Bagan period, it had become a systematic and honorable organization formed with the members of the relevant ranks and positions during the Konboung era. But it waned and vanished after the country fell under British servitude in 1885. The Burma Royal Naval Volunteer Reserve was set up in 1940, and when Japan occupied Myanmar, some parts of the BRNVR retreated to India together with the British forces. On 20 June 1942, BRNVR was reformed and became the Burma Independence Navy.

After WWII, the British were able to recontrolled Myanmar, and on 24 December 1947, only a few days before the country regained independence, BRNVR was reformed as the Burma Navy. The British transferred the duties of the Chief of Staff (Navy) to Commander Khin Maung Bo, and the Navy was first founded with 75 officers and 500 other ranks and 15 war ships, the Frigate Mayyu, two mine sweepers, and 12 attack boats. Nowadays, the Tatmadaw (Navy) is able to design and build ships up to the frigates and has been reinforced with land-sea operational war ships, naval ships and attack submarines. Hence, it has become a naval force capable of operating and dominating the exclusive economic zone and the territorial waters from the one that could conduct only limited sea operations.

Myanmar has a 1260-mile-long coastline and over 1400 small and large islands including the Cocokyun, a strategically important island. Possessing rich above-sea and underwater resources and the natural beauties and the coastline, territorial waters of Myanmar have an area of over 140,000 square miles.

The Tatmadaw (Navy) is building and commissioning



Senior General Min Aung Hlaing accepts a commemorative badge.

large naval war machines that can operate in the air and on and under the sea to protect the Myanmar seas that are rich in valuable above-sea and underwater resources. In addition, the Navy is erecting and commissioning sea-going combat ships, war ships, river-going multiple purposed ships, landing crafts, supply ships and hospital ships to launch joint operations with Tatmadaw (Army) and Tatmadaw (Air), provide supporting fire, support the staff and quartermaster affairs of Army, Navy and Air Force, transport equipment for nation-building task, and provide humanitarian aid, medical treatment and search and rescue operations.

In the 21st century, the majority of countries are facing maritime security problems resulting from unconventional threats, which are, sea piracy, human trafficking, narcotic and other illicit trades, and gunrunning, apart from conventional threats. A country needs a modern and strong navy to solve the said problem.

Only then, will it be able to fully safeguard its territorial waters, exclusive economic zones, coastal areas and maritime interest in line with the international maritime laws.

Due to the international conflicts and domestic conditions, naval power has become an essential force. The Navy can provide supporting fire, in addition to transporting troops, rations and arms and ammunition. In this regard, the country is enhancing its naval power and has already set up the Coast Guard. The Tatmadaw (Navy) must play the leading role in providing maritime security for the country in cooperation with Coast Guard and maritime police.

*See Page 15*



Senior General Min Aung Hlaing gives instructions to officers.



Senior General Min Aung Hlaing observes an exhibit of the Tatmadaw (Navy) exhibition.


The naval parade in progress.

*From Page 14*

Myanmar's maritime interest lies not only with the territorial waters, it extends to the offshore areas where exclusive economic zones are located, and the Navy must have the capacity to protect all the said areas. Moreover, it must be set up proportionately with various types of warships to be able to stand shoulder to shoulder with its counterparts of the neighbouring countries that share the common sea border with Myanmar.

The Commander-in-Chief of Defence Services has reinforced the Navy to be complete with three readiness – war ship readiness, weapon and weapon system readiness and Navy men readiness – in order to become combat readiness. In building and commissioning warships of multiple types to counter both the conventional and unconventional threats, the Navy is reinforcing itself with war ships from frigates to river-going fast attack boats, and supply ships.

The building of large frigates by the Tatmadaw (Navy) domestically has provided greater degree of support for its ability to shoulder national defence and security duties, and additionally, it can control and dominate the Myanmar sea territory. In accord with the motto "The Navy's fighting power lies in its warships", it is striving to have more modern war ships, and its river military operations become more effective with the introduction of multipurpose river-going ships that are friendly with the country's natural watercourses.

Every individual Navy man must keep in heart firmly to realize the Navy's objectives "The State must be effectively defended from the sea", "Maritime interest of the State must be protected", and the "Joint Army, Navy and Air operations must be able to launch". It is not possible to fully safeguard the enormous area of Myanmar seas by the Tatmadaw (Navy) alone. Maritime security can be guaranteed firmer through the joint participation of Army, Air Force and Coast Guard. Naval operations have a multifaceted nature, and the success of a naval operation calls for the harmonious involvement of various types of war ships, modern arms and weapon systems, and proficient Navy men. Moreover, constant training and consolidation activities are also required for landing operations, river operations and infantry operations.

He stated that in carrying out the four major roles of Tatmadaw (Navy), it'll only become a combat-ready force when its military combat capability and combat power are developed in balance. He noted that to achieve combat power, modern platforms capable of operating in four domains of warfare, high-performance weapons and weapon systems, and communication and electronic equipment have been provided. He emphasized that today, Tatmadaw (Navy) possesses not only large surface vessels but also submarines, reaching a status as a combat-ready navy with three-dimensional operational capabilities.

He stated that because they can now build and use large frigates themselves, they've the capability to engage in all four domains of warfare: surface, air, underwater, and electronic operations, noting that in the future, Tatmadaw (Navy) will be able to more effectively carry out its four major roles, which are the military role, the diplomatic role, the law enforcement role, and the humanitarian assistance role.

Also, he stated that in the law enforcement role, they must take responsibility for preventing non-traditional threats encountered at sea, such as illegal fishing, smuggling of people and weapons, timber smuggling, illegal migration, drug trafficking, piracy, and armed terrorism. He noted that maritime security can only be supported if illegal activities and unlawful transport within Myanmar's waters are effectively deterred. Only by ensuring these measures are successful can the nation maintain its sovereignty and protect its marine resources for future generations.

Then, he stated that regarding the humanitarian assistance role, a policy's been established to "take action immediately without waiting for any orders from above." He noted that helping people in distress at sea, repatriating ethnic citizens facing various hardships abroad, performing maritime search and rescue duties, and providing healthcare for island residents along the delta and coastal areas are essential tasks. He emphasized that the assistance provided by Tatmadaw (Army, Navy, and Air) personnel in areas affected by seasonal monsoons, cyclones, floods, landslides, earthquakes, and global pandemics serves as a way to protect the lives and property of the people. Finally, he added that such actions reflect the noble spirit that Tatmadaw holds toward the nation and its citizens.

He stated that in the diplomatic role, continuous joint training and operations were conducted not only with neighboring and ASEAN navies but also with international navies, allowing them to demonstrate the standard of the Tatmadaw. He noted that Tatmadaw (Navy)'s been able to effectively carry out its diplomatic duties through participation in the ASEAN Navy Chiefs' Meeting, bilateral and multilateral discussions, and various naval exercises with ASEAN and international partners. He added that these engagements successfully highlight the professional status of the service on the world stage.

He stated that to ensure Tatmadaw (Navy) is combat-ready, it's necessary to continuously work toward fulfilling the three readiness requirements: fleet readiness, weapon and weapon system readiness, and personnel readiness. He noted that every individual soldier must constantly study and train to ensure personal proficiency, and they must practice until they're fully adept and familiar with their weapons and weapon systems. He added that the good traditions of Tatmadaw (Navy) must be passed down to the next generation of officers and sailors who'll take over future responsibilities. He urged them to fulfill their assigned duties in protecting the Myanmar sea and maritime interests, and he concluded by offering well wishes on this 78th Anniversary of Tatmadaw (Navy) for the force to remain a reliable asset for the state with high combat capabilities for many anniversaries to come. He emphasized that the dedication of every member is vital for the continued progress of the nation's naval defence.

Afterwards, the Senior General and members watched a documentary commemorating the 78th Anniversary of Tatmadaw (Navy). Then, the Commander-in-Chief of the Navy respectfully presented the 78th Anniversary commemorative badge, the historical record book and a photo album of Tatmadaw (Navy), to the Senior General, after which Tatmadaw (Navy) officers entertained them with the honorary song "Moving Forward in Unity." Following this, the Senior General and members visited the Tatmadaw (Navy) exhibition, where they toured displays showing the historical development of the force and research exhibits before taking a collective documentary group photo.

Subsequently, the Senior General received a salute from the Guard of Honour and inspected the Guard of Honour from the saluting platform aboard the naval vessel Mottama. While the Guard of Honour was being received, the naval vessels Yantine Aung and Yankyi Aung fired a 21-gun salute in honor of the Chairman of the State Security and Peace Commission, the Commander-in-Chief of Defence Services.

Thereafter, a naval parade was conducted in honour of the Chairman of the State Security and Peace Commission, the Commander-in-Chief of Defence Services. The parade was led by the submarine Min Ye Kyaw Htin and the frigate Aung Zeya, followed by the frigates Kyan Sittha and Sin Phyu Shin, the corvette Tabin Shwehti, the offshore patrol vessel Inlay, the anti-submarine warfare vessels Yan Nyein Aung and Yan Ye Aung, and the fast attack missile craft No. (491) and No. (492), which sailed in Single Line Formation. In addition, fast attack craft No. (564), (566), (556), and (558); coastal defense attack craft No. (427) and (428); and fast patrol craft No. (271), (272), (276), and (278) sailed in Line Abreast Formation, all rendering a marching salute.

Afterwards, the Commander-in-Chief (Navy) respectfully presented the Chairman of the State Security and Peace Commission, the Commander-in-Chief of Defence Services, with the casing of the first shell fired in the ceremonial gun salute as a commemorative gift. The Senior General then presented commemorative emblems and honorary gifts, which were received by the respective officials.

Following this, the Senior General delivered an address to officers and sailors of the Myanmar Navy. He stated that over a period of 78 years, the Myanmar Navy has been progressively expanded and developed, and that it has now reached a stage where naval vessels can be domestically built and operated. He emphasized that every member of the Defence Services must maintain physical fitness, possess courage and a strong fighting spirit, and be professionally competent in their respective duties. In line with the principle of "Study, Practice, and Comply," he urged continuous learning to keep pace with the constantly evolving military sciences, regular training to further enhance acquired military skills, and strict adherence to established rules, orders, and directives. He further stated that as long as the world exists, the Union of Myanmar must exist; as long as the Union of Myanmar exists, the Myanmar Armed Forces must exist; and as long as the Myanmar Armed Forces exist, the Myanmar Navy must also exist. He also stressed that the Navy must continuously preserve and pass on its fine traditions in order to uphold the honour of both the Myanmar Navy and the Defence Services as a whole.

Subsequently, the Senior General together with members of the entourage, departed from Jetty No. (3) to the Ayeyawady Naval Base Headquarters aboard the naval vessel Yadanabon.

During the journey, officers and soldiers aboard Myanmar Navy vessels positioned along the river rendered salutes to the Senior General, throughout the route. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ရေ)ဖွဲ့စည်းတည်ထောင်မှု ၇၈ နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီးပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာတိမ်မြုပ်ခဲ့ရကြောင်း၊ ထို့နောက် ၁၉၄၀ ပြည့်နှစ်တွင် ဗမာ့အပျော်တမ်းအရန်ရေတပ်(BRNVR)ကိုစတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၄၂ ခုနှစ် ဂျပန်တို့ မြန်မာနိုင်ငံသိမ်းပိုက်စဉ် ဗမာ့အပျော်တမ်းအရန်ရေတပ်ကလည်း အိန္ဒိယကို အင်္ဂလိပ်တို့နှင့်အတူ တချို့တစ်ဝက်ပါသွားခဲ့ပြီး ၁၉၄၂ ခုနှစ် ဇွန်လ ၂၀ ရက်တွင် ဗမာ့လွတ်လပ်ရေးရေတပ်မတော်(BIN)အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း။

ဒုတိယကမ္ဘာစစ်အပြီး အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို ပြန်လည်ထိန်းချုပ်လာနိုင်ခဲ့ပြီးနောက် လွတ်လပ်ရေးမရမီရက်ပိုင်းအလို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဗမာ့အပျော်တမ်းအရန်ရေတပ်ကို "ဗမာ့ရေတပ်မတော်(Burma Navy)"အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဘိုက ရေတပ်ဦးစီးချုပ်အဖြစ်

**ယခင်က ပင်လယ်ပြင်စစ်ဆင်ရေးများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခဲ့သည့်ရေတပ်မှ ယခုအခါမှာ သီးသန့်စီးပွားရေးဇုန်နှင့် ပင်လယ်ပြင်နယ်နိမိတ်တစ်လျှောက် စိုးမိုးလှုပ်ရှားနိုင်သည့် ရေတပ်အဖြစ်တက်လှမ်းလာနိုင်ခဲ့ပြီဖြစ် . . .**

**ရေကြောင်းစွမ်းအားရရှိရေးအတွက် ရေတပ်အင်အားကို တိုးချဲ့တည်ဆောက်ပေးနေသကဲ့သို့ ကမ်းခြေစောင့်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်၊ တပ်မတော်(ရေ)က ဦးဆောင်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့တို့နှင့် အတူတကွလက်တွဲကာ မိမိတို့နိုင်ငံ၏ ရေကြောင်းလုံခြုံရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ် . . .**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းက တပ်မတော်(ရေ) ဖွဲ့စည်းတည်ထောင်မှု ၇၈ နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ရေ) သမိုင်းမှတ်တမ်းစာအုပ်နှင့် ဓာတ်ပုံ Album တို့ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ရေ)ပြခန်းတွင် တပ်မတော်(ရေ) အဆင့်ဆင့်တိုးတက်လာမှုသမိုင်းပြခန်းနှင့် သုတေသနပြကွက်များကို လှည့်လည်ကြည့်ရှုစဉ်။

စကားပြောကြားရာတွင် တပ်မတော်(ရေ)၏ သမိုင်းကြောင်းကိုပြန်ကြည့်ပါက ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ဖွဲ့စည်းပေါ်ပေါက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့ရေတပ်သည် ၁၂ ရာစု ပုဂံခေတ်ကတည်းကအစပြုခဲ့ပြီး ၁၈ ရာစု ကုန်းဘောင်ခေတ်တွင် ရာထူးဌာနန္တရ၊ ဂုဏ်ထူးအဆောင်အယောင်များဖြင့် စနစ်တကျဖွဲ့စည်းနိုင်ခဲ့သော်လည်း ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်လက်အောက် သူ့ကျွန်ဘဝရောက်ရှိခဲ့မှုနှင့်အတူ အင်္ဂလိပ်တို့ထံမှ လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ပြီး စတင်တည်ထောင်စဉ်က အရာရှိ ၇၅ ဦး၊ စစ်သည်ဦးရေ ၅၀၀ နှင့် စတင်ခဲ့ကြောင်း၊ စစ်ရေယာဉ်များအနေဖြင့် ဖရီဂိတ်စစ်ရေယာဉ်(မေယု)၊ မိုင်းရှင်းရေယာဉ် နှစ်စီးနှင့် တိုက်ရေယာဉ် ၁၂ စီး၊ စစ်ရေယာဉ်စုစုပေါင်း ၁၅ စီးဖြင့် စတင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ဖရီဂိတ်စစ်ရေယာဉ်ကြီးများထိ ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲတည်ဆောက် အသုံးပြုနိုင်ခဲ့ပြီး တိုက်ခိုက်ရေးရေငုပ်သင်္ဘောစစ်ရေယာဉ်များအပါအဝင် ကုန်းရေနှစ်သွယ်စစ်ဆင်ရေး ရေယာဉ်များကိုလည်း အင်အားဖြည့်တင်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် **ယခင်က ပင်လယ်ပြင်စစ်ဆင်ရေးများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခဲ့သည့်ရေတပ်မှ ယခုအခါမှာသီးသန့်စီးပွားရေးဇုန်နှင့် ပင်လယ်ပြင်နယ်နိမိတ်တစ်လျှောက် စိုးမိုးလှုပ်ရှားနိုင်သည့် ရေတပ်အဖြစ်တက်လှမ်းလာနိုင်ခဲ့ပြီဖြစ်**ကြောင်း။

မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းသည် ရေမိုင် ၁၂၆၀ ရှည်လျားပြီး ကိုကိုးကျွန်းကဲ့သို့ မဟာဗျူဟာအချက်အချာကျသည့် ကျွန်းများအပါအဝင် ကျွန်းကြီး၊ ကျွန်းငယ်ပေါင်း ၁၄၀၀ ကျော်ရှိကြောင်း၊ ရေပြင်နယ်နိမိတ် စတုရန်းမိုင် ၁၄၀၀၀၀ ကျော်ကျယ်ဝန်းပြီး ရေပေါ်ရေအောက်အဖိုးတန်သယံဇာတများပေါ်များသည့် ပင်လယ်ကမ်းရိုးတန်းသဘာဝအလှတရားများစွာတို့နှင့် ပြည့်နှက်နေကြောင်း။

ထိုသို့ ရေပေါ်ရေအောက် သယံဇာတပစ္စည်းများပေါကြွယ်ဝပြီး အဖိုးတန်လှသည့် မြန်မာ့ပင်လယ်ပြင်ကို ကာကွယ်ရန် ရေပြင်ဝေဟင်၊ ရေအောက် စစ်ဆင်နိုင်သည့် စစ်ရေယာဉ်ကြီးများကို တည်ဆောက်တပ်တော်ဝင်နေသကဲ့သို့ တပ်မတော်(ကြည်း)၊ တပ်မတော်(လေ)တို့နှင့်အတူ ပူးပေါင်းစစ်ဆင်ရေးများဆောင်ရွက်ခြင်း၊ စစ်ကူပစ်ကူပေးခြင်း၊ ကြည်း၊ ရေ၊ လေတပ်ဖွဲ့အသီးသီး၏ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက်

ပစ္စည်းများ သယ်ယူပို့ဆောင်ပေးခြင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးခြင်း၊ ဆေးကုသပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် ပင်လယ်ပြင်သွားတိုက်ခိုက်ရေး စစ်ရေယာဉ်များ၊ မြစ်တွင်းသွားဘက်စုံသုံး စစ်ရေယာဉ်များ၊ ကမ်းထိုးရေယာဉ်များ၊ ထောက်ပံ့ရေးရေယာဉ်များနှင့် ဆေးရုံရေယာဉ်တို့ကို တည်ဆောက်တပ်တော်ဝင်ခြင်းနှင့် လွှဲပြောင်းလက်ခံအသုံးပြုလျက်ရှိကြောင်း။

၂၁ ရာစုတွင် နိုင်ငံအများစုသည် သမားရိုးကျခြိမ်းခြောက်မှုများအပြင် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများဖြစ်သည့် ပင်လယ်ဓားပြမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုကူးမှုစသည့် ရေကြောင်းနေသည့် အိမ်နီးချင်းနိုင်ငံ ရေတပ်များနှင့် ယှဉ်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားပြီး တိုက်စွမ်းအားကောင်းသည့် စစ်ရေယာဉ်များကို အမျိုးအစားစုံအချိုးကျကျဖွဲ့စည်းထားရှိရန်လိုအပ်ကြောင်း။

တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်ရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဆိုသည့် အသင့်ဖြစ်မှု သုံးရပ်နှင့်ပြည့်စုံအောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ စစ်ရေယာဉ်အသင့်ဖြစ်မှုအတွက် စစ်ရေယာဉ်များကို တည်ဆောက်တပ်တော်ဝင်သည့်နေရာတွင်လည်း သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများကိုတုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိရန် ဖရီဂိတ်စစ်ရေယာဉ်ကအစ မြစ်တွင်းအမြန်သွားတိုက်ခိုက်ရေးရေယာဉ်များ အဆုံး၊ အထောက်အကူပြုရေယာဉ်များ ပါမကျန် အမျိုးအစားစုံလင်စွာ ဖြည့်ဆည်းပေးလျက်ရှိကြောင်း။







နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်(ရေ)မှ ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်)နှင့် ဖရီဂိတ်စစ်ရေယာဉ်(အောင်ဇေယျ)ဦးဆောင်သော စစ်ရေယာဉ်များက ချီတက်အလေးပြုကြစဉ်။

လုံခြုံရေးဆိုင်ရာပြဿနာများကို ရင်ဆိုင်ဖြေရှင်းနေကြရကြောင်း၊ထိုသို့ ခြိမ်းခြောက်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ခေတ်မီပြီး အင်အားတောင့်တင်းခိုင်မာသည့် ရေတပ်ရှိရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့၏ပိုင်နက်ပင်လယ်၊သီးသန့်စီးပွားရေးဇုန်၊ကမ်းရိုးတန်းဒေသများနှင့် နိုင်ငံ၏ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများကို အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေများနှင့်အညီ အပြည့်အဝ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။

လတ်တလော နိုင်ငံတကာတွင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသာမက ပြည်တွင်းတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် အခြေအနေများအရ ရေကြောင်းစွမ်းအားအရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ ရေကြောင်းမှ တပ်ဖွဲ့များ၊ ရိက္ခာများ၊ လက်နက်ခဲယမ်းများ သယ်ယူပို့ဆောင်ပေးခြင်းသာမက ပစ်ကူစစ်ကူပေးခြင်းကိုပါ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ **ရေကြောင်းစွမ်းအားရရှိရေးအတွက် ရေတပ်အင်အားကိုတိုးချဲ့တည်ဆောက်ပေးနေသကဲ့သို့ ကမ်းခြေစောင့်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်(ရေ)က ဦးဆောင်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့၊ရေကြောင်းရဲတပ်ဖွဲ့တို့နှင့်အတူတကွလက်တွဲကာ မိမိတို့နိုင်ငံ၏ ရေကြောင်းလုံခြုံရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

မိမိတို့နိုင်ငံ၏ ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်အတွင်းသာမကဘဲ သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်ထိ ကျယ်ပြန့်စွာတည်ရှိနေသည့်အတွက် တပ်မတော်(ရေ)အနေဖြင့် လွှမ်းခြုံကာကွယ်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ပြင် ပင်လယ်ပြင်နယ်နိမိတ်ချင်းထိစပ်နိုင်စွမ်းရှိရန် ဖရီဂိတ်စစ်ရေယာဉ်ကအစ မြစ်တွင်းအမြန်သွားတိုက်ခိုက်ရေးရေယာဉ်များ အဆုံး၊ အထောက်အကူပြုရေယာဉ်များ ပါမကျန် အမျိုးအစားစုံလင်စွာ ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

မိမိတို့တပ်မတော်(ရေ)သည် မြစ်တွင်းသွားတိုက်ရေယာဉ်မှစပြီး ယခုကဲ့သို့ အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကိုပြည်တွင်း၌ပင်ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့ကြောင်း၊ **“ရေတပ်၏တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်”** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်များ အရေအတွက်များများ ပိုင်ဆိုင်နိုင်ရေး ဆက်လက်ကြိုးပမ်းနေသကဲ့သို့ မြန်မာနိုင်ငံ၏ ရေပြင်သဘာဝနှင့်ကိုက်ညီသည့် မြစ်တွင်းသွားဘက်စုံသုံးစစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ခဲ့သည့်အတွက် မြစ်တွင်းစစ်ဆင်ရေးများတွင် ပိုမိုထိရောက်စွာဆောင်ရွက်လာနိုင်ခဲ့ကြောင်း။

ရေတပ်သားတစ်ဦးချင်းစီ၏ နှလုံးသားထဲတွင် **“နိုင်ငံတော်အား ပင်လယ်ပြင်မှ ရှေ့တန်းကျကျ ကာကွယ်နိုင်ရမည်”၊ “နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်နိုင်ရမည်”၊ “ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်း ရှိရမည်”**ဆိုသည့် တပ်မတော်(ရေ)၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စွဲမြဲစွာမှတ်သားထားရမည်ဖြစ်ကြောင်း၊ **ကျယ်ပြောလှသည့် မြန်မာ့ပင်လယ်ပြင်ကို ရေတပ်တစ်ခုတည်းဖြင့် ပြည့်ပြည့်စုံစုံကာကွယ်နိုင်ရန် မဖြစ်နိုင်ကြောင်း၊ ကြည်းတပ်၊ လေတပ်၊ ကမ်းခြေစောင့်တပ်ဖွဲ့တို့နှင့် ပေါင်းစပ်ပြီး ကာကွယ်မှသာ နိုင်ငံတော်၏ရေကြောင်း လုံခြုံရေးအခန်းကဏ္ဍကို ပိုမိုအာမခံနိုင်မည်ဖြစ်ကြောင်း၊ ရေကြောင်းစစ်ဆင်ရေးသည် ဘက်စုံအသွင်ဆောင်သည့် သဘောသဘာဝရှိပြီး မျက်မှောက်ခေတ်ရေကြောင်းစစ်ဆင်ရေးကဏ္ဍကို ထိရောက်အောင်မြင်စွာစစ်ဆင်နိုင်ရန် စစ်ရေယာဉ်မျိုးစုံပါဝင်ပြီး ခေတ်မီလက်နက်နှင့် လက်နက်စနစ်များ၊ အရည်အချင်းပြည့်ဝသည့် ရေတပ်သားများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်စစ်ဆင်ရန်လိုအပ်သည့်အပြင် ကမ်းတက်စစ်ဆင်ရေး၊ မြစ်တွင်းစစ်ဆင်ရေး၊ ခြေလျင်အသွင်တိုက်ပွဲဝင်နိုင်ရေးအတွက်ပါ အမြဲစုဖွဲ့လေ့ကျင့်ထားရန် လိုအပ်**ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များအတွက် အထိမ်းအမှတ်တံဆိပ်နှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

တပ်မတော်(ရေ)၏ ကဏ္ဍကြီး လေးရပ်ကိုထမ်းဆောင်ရာတွင် စစ်ရေးကဏ္ဍအနေဖြင့် တိုက်စွမ်းရည်နှင့်တိုက်စွမ်းအားဟန်ချက်ညီတိုးတက်မှသာ တိုက်ပွဲဝင်အသင့်ဖြစ်သည့် တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ တိုက်စွမ်းအားရရှိရန်အတွက် စစ်ဆင်မှုနယ်ပယ်လေးရပ်တွင်စစ်ဆင်နိုင်မည့် ခေတ်မီ Platform များ၊စွမ်းရည်မြင့်လက်နက်နှင့် လက်နက်စနစ်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ကိရိယာများကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် ရေပြင်သွားစစ်ရေယာဉ်ကြီးများသာမက ရေငုပ်သင်္ဘောများကိုပါ ရရှိပိုင်ဆိုင်လာခဲ့ပြီး သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်ရေတပ်အဖြစ် ရောက်ရှိနေပြီဖြစ်ကြောင်း။

ထို့ပြင် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ကိုယ်တိုင်တည်ဆောက် အသုံးပြုလာနိုင်သည့်အတွက် ရေပြင်စစ်ဆင်ရေး၊ ဝေဟင်စစ်ဆင်ရေး၊ ရေအောက်စစ်ဆင်ရေး၊ အီလက်ထရောနစ်စစ်ဆင်ရေး စသည့်စစ်ဆင်မှုနယ်ပယ် လေးရပ်စလုံးတွင် တိုက်ပွဲဝင်နိုင်စွမ်းရှိသဖြင့် နောင်တွင် ရေတပ်၏ ကဏ္ဍကြီးလေးရပ်ဖြစ်သည့် စစ်ရေးကဏ္ဍ၊ သံတမန်ရေးရာကဏ္ဍ၊တရားဥပဒေစိုးမိုးရေးကဏ္ဍနှင့်

**စာမျက်နှာ ၁၈ သို့**




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များကို လမ်းညွှန်အမှာစကားပြောကြားစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

စာနာအကူအညီပေးရေး ကဏ္ဍများကိုလည်း ပိုမိုထိရောက်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေး ကဏ္ဍတွင် ပင်လယ်ပြင်တွင် ကြုံတွေ့နေရသည့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများဖြစ်သည့် တရားမဝင် ငါးခိုးဖမ်းမှု၊ လူ၊ လက်နက်မှောင်ခိုသယ်ဆောင်ဖြတ်သန်းမှု၊သစ်ခိုးထုတ်မှု၊ တရားမဝင်ပြောင်းရွှေ့နေထိုင်မှု၊ မူးယစ်ဆေးဝါးသယ်ဆောင်မှု၊ ပင်လယ်ဓားပြနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန် တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင် လုပ်ကိုင်ဆောင်ရွက်မှုများနှင့် ဥပဒေမဲ့ဖြတ်သန်းသယ်ဆောင်မှုများကို ထိရောက်စွာတားဆီးနိုင်မှသာ ရေကြောင်းဆိုင်ရာလုံခြုံမှု(Maritime Security)ကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စာနာအကူအညီပေးရေး ကဏ္ဍအနေဖြင့် **“အထက်အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းစရာမလိုဘဲ ချက်ချင်းဆောင်ရွက်ပေးရန်”**မူဝါဒတစ်ရပ်အနေဖြင့် ချမှတ်ပေးထားခဲ့ပြီးဖြစ်ကြောင်း၊ ပင်လယ်ပြင်တွင် ဒုက္ခရောက်နေသည့်သူများကို ကူညီခြင်း၊ နိုင်ငံရပ်ခြားတွင် ဒုက္ခမျိုးစုံကြုံတွေ့နေရသည့် မိမိတို့၏သွေးချင်းတိုင်းရင်းသားပြည်သူများကို ပြန်လည်ခေါ်ဆောင်ခြင်း၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးတာဝန်များထမ်းဆောင်ခြင်း၊ မြစ်ဝကျွန်းပေါ်၊ ကမ်းရိုးတန်းတစ်လျှောက် ကျွန်းနေပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ မုတ်သုံရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသည့် ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့် ကမ္ဘာ့ကပ်ရောဂါခံစားရသည့် ဒေသများတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့ဝင်များ၏ ကူညီဆောင်ရွက်ပေးနေမှုများသည် ပြည်သူများ၏ အသက်အိုးအိမ်ကာကွယ်ရေးကို တစ်ဖက်တစ်လမ်းက ကာကွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို သဘောပေါက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် မိမိတို့တပ်မတော်၏ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ်ထားရှိသည့် မွန်မြတ်သည့်စိတ်ထားပင်ဖြစ်ကြောင်း။

သံတမန်ရေးရာကဏ္ဍတွင် အိမ်နီးချင်းနိုင်ငံရေတပ်များ၊ အာဆီယံရေတပ်များ သာမက နိုင်ငံတကာရေတပ်များနှင့်ပါ စဉ်ဆက်မပြတ် ပူးပေါင်းလေ့ကျင့်ဆောင်ရွက်စေခဲ့ပြီး တပ်မတော်၏အဆင့်အတန်းကို ပြသနိုင်ခဲ့ကြောင်း၊ အာဆီယံရေတပ်ဦးစီးချုပ်များတွေ့ဆုံပွဲ၊ အိမ်နီးချင်းနိုင်ငံရေတပ်များ၊ အာဆီယံရေတပ်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ၊ အာဆီယံရေတပ်များ၊ နိုင်ငံပေါင်းစုံရေတပ်များနှင့် ပြုလုပ်သည့်လေ့ကျင့်ခန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့်အတွက် တပ်မတော်(ရေ)အနေဖြင့် သံတမန်ရေးရာကဏ္ဍကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း။

တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ်အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှုဆိုသည့် အသင့်ဖြစ်မှု သုံးရပ်နှင့် ပြည့်စုံအောင် စဉ်ဆက်မပြတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ်လေ့လာလေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့် လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် အသားကျလေ့ကျင့်ရန် လိုအပ်ကြောင်း၊ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ)မျိုးဆက်သစ် အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့်အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်နှင့်ပင်လယ်ပြင်အကျိုးစီးပွားများကိုကာကွယ်ရေးအတွက်ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားရင်းယနေ့ကျရောက်သည့် ၇၈ နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့မှသည် နောင်လာမည့်နှစ်ပတ်လည်နေ့ များစွာတိုင် တိုက်စွမ်းရည်တိုက်စွမ်းအားမြင့်မားကောင်းမွန်ပြီး နိုင်ငံတော်အတွက် အားထားရသည့် တပ်မတော်(ရေ)အဖြစ် အစဉ်ရပ်တည်နိုင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ၇၈ နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မှတ်တမ်း Documentary ကို ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ)ဖွဲ့စည်းတည်ထောင်မှု ၇၈ နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ရေ)သမိုင်းမှတ်တမ်းစာအုပ်နှင့် ဓာတ်ပုံ Album တို့ကို ဂါရဝပြုပေးအပ်ပြီး တပ်မတော်(ရေ) အရာရှိများက “ပြည်ထောင်စုညီရှေ့သို့ချီ” ဂုဏ်ပြုတေးသီချင်းဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ရေ)ပြခန်းသို့ သွားရောက်၍ တပ်မတော်(ရေ)အဆင့်ဆင့် တိုးတက်လာမှုသမိုင်းပြခန်းနှင့် သုတေသနပြကွက်များကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးသည်။ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူနေစဉ် စစ်ရေယာဉ်(ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ်(ရန်ကြီးအောင်)တို့က အမြောက် ၂၁ ချက်ပစ်ဖောက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်) ဖရီဂိတ်စစ်ရေယာဉ်(အောင်ဇေယျ) ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ် (ကျန်စစ်သား)၊ ဖရီဂိတ်စစ်ရေယာဉ် (ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ် (တပင်ရွှေထီး)၊ ကမ်းလွန်ကင်းလှည့်ရေယာဉ်(အင်းလေး)၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ် (ရန်ငြိမ်းအောင်)နှင့် ရေငုပ်သင်္ဘော တိုက်ဖျက်ရေးရေယာဉ် (ရန်ရဲအောင်)၊ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်(ဒုံးပျံ) စစ်ရေယာဉ်(၄၉၁)၊ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်(ဒုံးပျံ) စစ်ရေယာဉ်(၄၉၂)တို့က Single Line Formation ပုံစံဖြင့်လည်းကောင်း၊အမြန်သွားတိုက်ခိုက်ရေးရေယာဉ်စစ်ရေယာဉ်(၅၆၄)၊ (၅၆၆)၊ (၅၅၆)၊ (၅၅၈)၊ ကမ်းခြေစောင့်တိုက်ခိုက်ရေးရေယာဉ်စစ်ရေယာဉ် (၄၂၇)၊ (၄၂၈)၊ အမြန်သွားကင်းလှည့်ရေယာဉ်စစ်ရေယာဉ် (၂၇၁)၊ (၂၇၂)၊ (၂၇၆)၊ (၂၇၈)တို့က Line Abreast Formation ပုံပြပုံစံများဖြင့် အသီးသီးပုံပြမောင်းနှင်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြုပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံကို အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အထိမ်းအမှတ်တံဆိပ်နှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များကို လမ်းညွှန် အမှာစကားပြောကြားရာတွင် မြန်မာ့တပ်မတော်တွင် တပ်မတော်(ရေ)ကို ၇၈ နှစ်တာကာလအတွင်း အဆင့်ဆင့်တိုးချဲ့ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်အသုံးပြုနေနိုင်သည့်အနေအထားသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းအနေဖြင့် ကျန်းမာကြံ့ခိုင်မှုရှိရမည်၊ ရဲစွမ်းသတ္တိနှင့် တိုက်ရဲခိုက်ရဲသည့် စိတ်ဓာတ်ရှိရမည်၊ မိမိတို့တစ်ဦးချင်းတာဝန်များကို သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်နေရမည်ဖြစ်ကြောင်း၊**“လေ့လာ၊လေ့ကျင့်၊လိုက်နာ”**ဆိုသည့်မူဝါဒနှင့်အညီ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ် လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ချမှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို အမြဲလိုက်နာ ကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ **ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတော်တည်ရှိရမည်၊မြန်မာနိုင်ငံတော်တည်ရှိနေသရွေ့ မြန်မာ့တပ်မတော်တည်ရှိရမည်၊ မြန်မာ့တပ်မတော်တည်ရှိနေသရွေ့ တပ်မတော်(ရေ)သည်လည်းတည်ရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် ရှိပြီးဖြစ်သည့် ကောင်းမွန်သော အစဉ်အလာများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းလက်ဆင့်ကမ်းကာ တပ်မတော်(ရေ)နှင့် တပ်မတော်၏ဂုဏ်ကို ထိန်းသိမ်းသွားကြရမည်ဖြစ်**ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၃)ရေတပ်ဆိပ်ခံတံတားမှ ရေဝတီရေတပ်စခန်းဌာနချုပ်သို့ စစ်ရေယာဉ်(ရတနာပုံ)ဖြင့် ထွက်ခွာကြသည်။

ထိုသို့သွားရောက်စဉ် မြစ်အတွင်းရှိ တပ်မတော်(ရေ) စစ်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား လမ်းတစ်လျှောက် အလေးပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတု၊ သန်လျင်ရေနံချက်စက်ရုံ ရာပြည့်နှင့် စွမ်းအင်ပြတိုက်ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့များ၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ တိုင်းရင်းသားမောင်မယ်များနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွမ်းအင်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြကွက်များကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြား ရတုနှင့် သန်လျင်ရေနံချက် စက်ရုံ ရာပြည့် အထိမ်းအမှတ်ဂါရဝပြု လက်ဆောင်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွမ်းအင်ပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။

☆ ကျောဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိကြရာ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့များ၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ တိုင်းရင်းသားမောင်မယ်များနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**စွမ်းအင်ပြတိုက် ဖွင့်ပွဲအခမ်းအနား**

ထို့နောက် စွမ်းအင်ပြတိုက်ဖွင့်ပွဲအခမ်းအနားကို ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စွမ်းအင်ပြတိုက် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စွမ်းအင်ပြတိုက် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ဆက်လက်၍ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်နှင့် တက်ရောက်လာကြသူများက စွမ်းအင်ပြတိုက် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စွမ်းအင်ပြတိုက် ပြင်ပပြကွက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စွမ်းအင်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့်ပြကွက်များကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စွမ်းအင်ပြတိုက် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

စာမျက်နှာ ၂၀ သို့




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

စာမျက်နှာ ၁၉ မှအဆက်

**စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အခမ်းအနား**

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားကို Digital နည်းပညာ အသုံးပြု၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူလေးများက "စွမ်းအင်မှသည် စွမ်းအား" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံရာပြည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၁၉၈၅ ခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သည့် စွမ်းအင်ဝန်ကြီးဌာနသည် ယခုအခါ နှစ် ၄၀ ပြည့်မြောက်ပြီး ပတ္တမြားရတုတိုင်ခဲ့ပြီဖြစ်သကဲ့သို့ ၁၉၂၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် သန်လျင်ရေနံချက်စက်ရုံကြီးသည်လည်း ရာပြည့်ကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက် စွမ်းအင်ဝန်ကြီးဌာနအတွက် အောင်မြင်မှုသမိုင်းကြောင်းနှင့်အတူ ဂုဏ်ယူဖွယ်ရာ နှစ်တစ်နှစ်လည်းဖြစ်ကြောင်း။

စွမ်းအင်ဝန်ကြီးဌာနသည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် အသက်သွေးကြောတမျှ လိုအပ်ချက်ဖြစ်သည့်စွမ်းအင်များကို ဖြည့်ဆည်းပေးနိုင်ရန် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် ဌာနဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွက် အရေးကြီးသည့် ဌာနတစ်ခုလည်း ဖြစ်ကြောင်း။

စွမ်းအင်ဝန်ကြီးဌာနဟု သီးသန့်ဌာနတစ်ခုအဖြစ် သတ်သတ်မှတ်မှတ် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ အခုအချိန်တွင် နှစ်ပေါင်း ၄၀ ပြည့်မြောက်ပြီဖြစ်သော်လည်း အမှန်တကယ်တွင် မြန်မာ့ရေနံလုပ်ငန်းသည် ရှေးမြန်မာမင်းများလက်ထက်ကတည်းက စတင်ခဲ့ခြင်းဖြစ်သဖြင့် ရှည်လျားသော သမိုင်းကြောင်းရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ရေနံလုပ်ငန်းနှင့် ပတ်သက်လာပါက သမိုင်းမှတ်တမ်းကောင်းများစွာရှိသည်ကို တွေ့ရှိနိုင်မည် ဖြစ်ကြောင်း၊ ရေနံချက်လုပ်ငန်းနှင့် ပတ်သက်၍လည်း ဗြိတိသျှတို့အနေဖြင့် ၁၈၇၁ ခုနှစ်ကတည်းက **"ရန်ကုန်ရေနံကုမ္ပဏီ"** အမည်ဖြင့် ရေနံချက်လုပ်ငန်းကို စတင်ခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရကြောင်း၊ ၁၉၂၅ ခုနှစ်တွင် ခေတ်မီနည်းစနစ်များကို အသုံးပြုထားပြီး နေ့စဉ်လည်ပတ်ချက်လုပ်နိုင်စွမ်း ဂါလန် ရှစ်သိန်းရှိသည့် သန်လျင်ရေနံချက်စက်ရုံကြီးကို တည်ဆောက်ခဲ့ကြောင်း။

ထို့နောက်တွင်လည်း သန်လျင်ရေနံချက်စက်ရုံကို အဆင့်ဆင့်တိုးချဲ့တည်ဆောက်ခဲ့ပြီး ရေနံထွက်ပစ္စည်းအမျိုးမျိုးကိုဆက်လက်ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ သို့သော် ၂၀၁၇ ခုနှစ်တွင် ကုန်ကြမ်းရရှိမှုနည်းပါးခြင်း၊ ထုတ်လုပ်သည့် စက်သုံးဆီများ၏ အရည်အသွေးသည် ဈေးကွက်လိုအပ်ချက်ကို မပြည့်မီခြင်းစသည့် အခြေအနေများကြောင့် ယခုစက်ရုံကြီး၏ ရေနံချက်လုပ်ခြင်းလုပ်ငန်းများကို ရပ်နားထားခဲ့ရသည်မှာ ယခုအခါ ရှစ်နှစ်ကျော် ကာလရှိလာခဲ့ပြီဖြစ်ကြောင်း။

သို့သော် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏စက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် မကြာခင်ကာလအတွင်း၌ တစ်နှစ်လျှင် တန်ချိန် ငါးသိန်း ချက်လုပ်နိုင်မည့် သန်လျင်ရေနံချက်စက်ရုံသစ်ကြီးကို ပထမအဆင့်(Phase I) အနေဖြင့် စတင်လည်ပတ်နိုင်တော့မည် ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဒုတိယအဆင့် (Phase II) အနေဖြင့် တစ်နှစ်ကို တန်ချိန် သုံးသန်းချက် လုပ်နိုင်မည့်စက်ရုံကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်သဖြင့် အထူးပင် ဂုဏ်ယူဝမ်းမြောက်သည်ကို ပြောကြားလိုကြောင်း။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်းအသစ်များ၊ ရေနံမြေအသစ်များ ထွက်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ သက်တမ်းရင့်ရေနံချက်စက်ရုံ၊ ရေနံဓာတုဗေဒစက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံကြီးများ စွမ်းအားပြည့်ပြန်လည် လည်ပတ်နိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့ပြင် လက်ရှိ ရေနံမြေများမှ ရေနံအထွက်တိုးစေရေး ခေတ်မီနည်းပညာများ အသုံးပြုပြီးဆောင်ရွက်ရန် တိုင်းရင်းသား ရေနံလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး နည်းစနစ်ကျရေနံတွင်းများ တူးဖော်နိုင်ရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ရက်များ အဆင့်မြှင့်တင်နေသည်ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ခြင်းကြောင့် နိုင်ငံ၏ စွမ်းအင်ကဏ္ဍသည် တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာမည်ဟုလည်း ယုံကြည်ပါကြောင်း။

စွမ်းအင်ကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခြင်းသည်လည်း ခေတ်ကာလအဆက်ဆက် စွမ်းအင်ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ကာယ၊ ဉာဏလုပ်သားများအားလုံး ပေါင်းစည်းပြီး တက်ညီလက်ညီ ဆောင်ရွက်ပေးခဲ့ကြခြင်းကြောင့်သာဖြစ်ကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှု စွမ်းပကား၏ အသီးအပွင့်များဖြစ်သည့် တိုးတက်အောင်မြင်မှုများအတွက် နိုင်ငံတော် အနေဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ဝန်ထမ်းအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ကမ္ဘာ့နိုင်ငံများအနေဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး ကဲ့သို့ ရုပ်ကြွင်းလောင်စာများ၊ နျူကလီးယားစွမ်းအင်များအပြင် ရေစွမ်းအင်၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝဒြပ်ထုနှင့် ဟိုက်ဒရိုဂျင်စသည့် ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များကိုပါ တိုးချဲ့ရှာဖွေ ပေါင်းစပ်ပြီး Energy Mix အနေဖြင့် အသုံးပြုနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီး၏ စွမ်းအင်ဖွံ့ဖြိုးမှုအစီအမံများကိုကြည့်ပါက အနာဂတ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးမြှင့်အသုံးပြုရန် ရည်မှန်းဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ လျင်မြန်စွာ တိုးမြှင့်လာနေသည့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ကိုလည်း အဓိကမှီခိုအသုံးပြုနေရဆဲဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ပြန်ပြည့်မြဲစွမ်းအင်တိုးမြှင့် အသုံးပြုနိုင်စေရန်အတွက် နေစွမ်းအင်၊ လေစွမ်းအင်တို့မှ လျှပ်စစ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသကဲ့သို့ စက်သုံးဆီများ အသုံးပြုမှု လျှော့ချနိုင်စေရန် လျှပ်စစ်ကားများကို အစားထိုးအသုံးပြုနိုင်ရေး နိုင်ငံတော်အနေဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ လောင်စာများကို ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေအောင် အဆင့်မြင့်နည်းပညာများ အသုံးပြုသုံးစွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိနေသည်ကို ပြောကြားလိုကြောင်း။

ဆက်လက်၍လည်း **မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ အရင်းအမြစ်များကို စနစ်တကျရှာဖွေ၊ ဖော်ထုတ်၊ အသုံးပြုသွားရန်အတွက် မိတ်ဆွေနိုင်ငံများက ရေနံကုမ္ပဏီကြီးများအပြင် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များနှင့်** စာမျက်နှာ ၂၁ သို့

**မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့အရင်းအမြစ်များကို စနစ်တကျရှာဖွေ၊ ဖော်ထုတ်၊ အသုံးပြုသွားရန်အတွက် မိတ်ဆွေနိုင်ငံများက ရေနံကုမ္ပဏီကြီးများအပြင် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားကြရန်နှင့် နည်းပညာ၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကိုလည်း အရေးကြီးလုပ်ငန်းစဉ်တစ်ခုအဖြစ် တစိုက်မတ်မတ်ဆောင်ရွက်သွားရန်လိုအပ်သည်ကို အလေးထားမှာကြားလို . . .**

**နိုင်ငံတကာရေနံကုမ္ပဏီကြီးများကို ဖိတ်ခေါ်ဆောင်ရွက်မှု၏ အကျိုးရလဒ်အနေဖြင့် အကောင်အထည်ဖော်နိုင်ခဲ့သည့် ကမ်းလွန်စီမံကိန်းကြီးများသည် နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေကိုပါ ရှာဖွေပေးနေသည်ကို အားလုံးအသိပင်ဖြစ် . . .**

**နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးရှိသည့် စီမံကိန်းကြီးများ ထပ်မံဖော်ထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သည်ကိုလည်း တိုက်တွန်းမှာကြားလို . . .**

# စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတုအထိမ်းအမှတ်နှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အနေဖြင့် စွမ်းအင်ပြတိုက်ကို အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ဖွင့်လှစ်ထား






**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သန်လျင်ရေနံချက်စက်ရုံဝင်း အတွင်းတွင် စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတုအထိမ်းအမှတ်နှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့် အထိမ်းအမှတ်အနေဖြင့် စွမ်းအင်ပြတိုက်ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ စွမ်းအင်ပြတိုက်တွင် ပဒေသရာဇ်ခေတ်မှစ၍ ယနေ့ကာလထိ ခေတ်အလိုက် စုစည်းပြသထားသော ပြကွက်များ၊ သမိုင်းကြောင်းများ၊ အထောက်အထား စာရွက်စာတမ်းများ၊ ပုံစံငယ်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ရေနံတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ ရုပ်ကြွပုံစံငယ်များ၊ ကမ်းလွန်လုပ်ကွက်များနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်ပြခန်းများ၊ စက်ရုံပုံစံငယ်များ၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ပြခန်းများကို ရုပ်လုံးရုပ်ကြွပုံစံငယ်များဖြင့် စနစ်တကျ ခင်းကျင်းပြသထားသည်။

အဆိုပါပြခန်းကို မြန်မာ့စွမ်းအင်ကဏ္ဍ၏ သမိုင်းကြောင်းများကိုသိရှိစေရန်၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအတွက် စွမ်းအင်ကဏ္ဍနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို တစ်နေရာတည်းတွင် သိရှိလေ့လာနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းဖြစ်ပြီး တနင်္လာနေ့မှအပ၊ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ အများပြည်သူနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်လေ့လာနိုင်ရန် ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်သည့် ဗဟုသုတဖြစ်မည့် စာအုပ်စာတမ်းများနှင့် နှစ်ပတ်တစ်ကြိမ်ထုတ်ဝေသည့် စွမ်းအင်သတင်းလွှာများကိုလည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**စာမျက်နှာ ၂၀ မှအဆက်**

**ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားကြရန်နှင့် နည်းပညာ၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုလည်း အရေးကြီးလုပ်ငန်းစဉ်တစ်ခုအဖြစ် တစိုက်မတ်မတ် ဆောင်ရွက်သွားရန် လိုအပ်သည်ကို အလေးထားမှာကြားလိုကြောင်း။**

အတွေ့အကြုံများအရ **နိုင်ငံတကာ ရေနံကုမ္ပဏီကြီးများကို ဖိတ်ခေါ်ဆောင်ရွက်မှု၏ အကျိုးရလဒ်အနေဖြင့် အကောင်အထည်ဖော်နိုင်ခဲ့သည့် ကမ်းလွန်စီမံကိန်းကြီးများသည် နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေကိုပါ ရှာဖွေပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးရှိသည့် စီမံကိန်းကြီးများ ထပ်မံဖော်ထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သည်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။**

ယခုအခါ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးမှာ AI နည်းပညာအသုံးပြုနိုင်ရေး၊ 3D Seismic နည်းပညာ အသုံးပြုနိုင်ရေးနှင့် ရေနံချက်လုပ်ခြင်းအပိုင်းတွင်လည်း ရေနံချက်စက်ရုံအသစ်များ တည်ဆောက်ပြီး အဆင့်မြင့်စက်သုံးဆီများ ကိုယ်တိုင်ချက်လုပ်ထုတ်လုပ်နိုင်ရေး၊ ဓာတ်မြေသြဇာစက်ရုံများ ထပ်မံတည်ဆောက်နိုင်ရေးအပါအဝင် နည်းပညာမြှင့်တင်ရေး ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် **နိုင်ငံတော်အတွက် စွမ်းအင်ဖူလုံမှုမှသည် စွမ်းအင်အမှီအခိုကင်းရေးထိ** ရည်မှန်းချက်ထား ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဖြည့်စွက် ပြောကြားလိုသည်မှာ သက်ဆိုင်ရာဌာနများ အနေဖြင့်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် လုပ်ငန်းဆိုင်ရာအချက်အလက်များနှင့် သမိုင်းမှတ်တမ်းများကိုလည်း ခိုင်ခိုင်မာမာပြုစုထားရန် လိုအပ်ကြောင်း၊ သမိုင်းမှတ်တမ်းဆိုသည်မှာ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များ ကြိုးပမ်းအားထုတ်မှုများကို ရေရှည်တည်တံ့နေစေမည့် မှတ်ကျောက်နှင့် အထောက်အထားပင်ဖြစ်ကြောင်း။

ထိုသို့ သမိုင်းမှတ်တမ်းများထားရှိမှသာ နောင်လာမည့် မျိုးဆက်သစ်များအနေဖြင့် မိမိတို့၏စွမ်းဆောင်ချက်များကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း၊ ယခု စွမ်းအင်ပြတိုက်တွင် ခင်းကျင်းပြသထားသည့်အတိုင်း သမိုင်းမှတ်တမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ပုံစံငယ်များကို လေ့လာပြီး အများပြည်သူအနေဖြင့် ခေတ်အဆက်ဆက် ဖြစ်ပေါ်တိုးတက်လာမှုများကို လေ့လာသိရှိနိုင်မည်ဖြစ်သဖြင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း စွမ်းအင်ပြတိုက်ကို အခုထက်ပိုပြီး ပြည့်ပြည့်စုံစုံနှင့် ဖွံ့ဖြိုးတိုးတက်လာရေး တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် မကြာမီတွင်စတင်နိုင်တော့မည့် သန်လျင်ရေနံချက်စက်ရုံသစ် စီမံကိန်းကဲ့သို့ နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးကို မြှင့်တင်ပေးနိုင်မည့် အရေးကြီးသည့် စီမံကိန်းကြီးများစွာကိုလည်း အောင်မြင်စွာဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆန္ဒပြုတိုက်တွန်းလိုကြောင်း။

ဆက်လက်၍လည်း စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် **“စွမ်းအင်ပြည့်ဖြိုး နိုင်ငံ့အကျိုး”** ဆိုသည့်အတိုင်း တိုင်းပြည်နှင့် ပြည်သူများ၏ အကျိုးစီးပွား တိုးတက်စေရန်ရည်မျှော်ပြီး စွမ်းအင်များ အစဉ်ထာဝရ ပြည့်ဖြိုးနေစေရန်နှင့် နိုင်ငံ၏အဖိုးတန် သဘာဝသယံဇာတများ ရေရှည်တည်တံ့ အသုံးပြုနိုင်ရေးအတွက် စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေး လုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံ ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်ကြပါစေကြောင်း၊ စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတုအချိန်ကာလ၊ သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်ကာလမှသည် နိုင်ငံတော်အတွက် ရတုအဆက်ဆက် ဆက်လက်အစွန့်ရှည် တည်တံ့အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ် ဂါရဝပြုလက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံရာပြည့် Documentary Movie ကိုကြည့်ရှုကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းထုတစ်ရပ်လုံးကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးရန် ရည်ရွယ်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကိုယ်တိုင်ရေးသားစပ်ဆိုထားသည့် စွမ်းအင်ဝန်ကြီးဌာန ဂုဏ်ပြုကဗျာကို တေးသံရှင် ဟေမာနေဝင်းက ဂုဏ်ပြုရွတ်ဆိုထားမှုကို ဖွင့်လှစ်ပြသပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အောင်မြေသာစံမြို့နယ်အတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး



**မန္တလေး ဒီဇင်ဘာ ၂၄**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ အတွင်းရေးမှူး၊ တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် အတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် အောင်မြေသာစံမြို့နယ်အတွင်း ပြည်ကြီး ကျက်သရေအရှေ့ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားသည့် မဲရုံအမှတ်(၁)၌ မဲရုံ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲရုံ မှူးများနှင့်ဒုတိယမဲရုံမှူးတို့က မဲပေးစက် များနှင့်စပ်လျဉ်း၍ လက်တွေ့သရုပ်ပြသ နေမှု၊ သီရိမာလာအနောက်ရပ်ကွက်ရှိ အမှတ်(၂၁) အခြေခံပညာအထက်တန်း ကျောင်းတွင်ဖွင့်လှစ်ထားသည့် မဲရုံအမှတ် (၃)၌ မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက်ထား ရှိမှု၊ သီရိမာလာအနောက်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထား ကြေညာထားမှုအား လာရောက်ကြည့်ရှု နေမှု၊ အမှတ်(၁၀) အခြေခံပညာ အထက် တန်းကျောင်းတွင်ဖွင့်လှစ်ထားသည့် မဲရုံ အမှတ်(၂)နှင့် အမှတ်(၅)တို့တွင် မဲရုံ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ ပြည်ကြီးရန်လုံရပ်ကွက်ရှိ နှင်းဆီကိုးခန်း ဓမ္မာရုံတွင် မဲရုံကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ကျိုင်းတုံမြို့နယ် လွိုင်မွေတောင်စခန်းမြို့၌ ပဉ္စမအကြိမ်မြောက် ချယ်ရီပန်းပွဲတော် ဖွင့်ပွဲပြုလုပ်




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ကျိုင်းတုံမြို့နယ် လွိုင်မွေတောင်စခန်းမြို့ ပဉ္စမအကြိမ်မြောက် ချယ်ရီပန်းပွဲတော်သို့ တက်ရောက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ မြို့နယ် လွိုင်မွေတောင်စခန်းမြို့၌ ပဉ္စမ အကြိမ်မြောက် ချယ်ရီပန်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတောင်စခန်း မြို့ စတုရဋ္ဌသုမင်္ဂလာစေတီတော်အနီး ချယ်ရီပင်တန်း၌ကျင်းပပြုလုပ်ရာ တြိဂံ ဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီး များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်း သားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင် များ၊ ဒေသခံပြည်သူများ တက်ရောက် ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ချယ်ရီပန်းပွဲတော် ဖွင့်ပွဲမုခ်ဦးကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ပွဲတော်ကျင်းပရ ခြင်းနှင့်ပတ်သက်၍ နှုတ်ခွန်းဆက်စကား ပြောကြားပြီး လွိုင်မွေဒေသခံတိုင်းရင်း သားအကြီးအကဲတစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာ ကြသူများက တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဆိုအကအများနှင့် ဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး ယဉ်ကျေးမှုအကဖွဲ့များကို ဂုဏ်ပြုချီးမြှင့် ငွေများပေးအပ်ကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသ ထွက် အမှတ်တရ ရိုးရာပစ္စည်းအရောင်း ဆိုင်များ၊ ဒေသထွက်ဝိုင်များ၊ အစားအစာ များ၊ ဒေသထွက်ကုန် MSME လုပ်ငန်း ပြခန်းများဖြင့် ပြသ၊ ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ချယ်ရီပန်းပွဲတော်ကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွိုင်မွေတောင်စခန်းမြို့တွင် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် ယင်းဒေသရှိ ချယ်ရီပန်းများ ရေရှည်ထိန်းသိမ်း စောင့်ရှောက်နိုင်ရေး အတွက် ၂၀၂၂ ခုနှစ်မှစတင်၍ နှစ်စဉ် ဆောင်းရာသီကာလ ချယ်ရီပန်းများပွင့် ချိန်တွင် ကျင်းပလာခဲ့ပြီး ယနေ့မှစ၍ ဒီဇင်ဘာ ၂၆ ရက်ထိ ကျင်းပသွားမည်ဖြစ် ကြောင်းနှင့် ဆောင်းရာသီကာလချယ်ရီ ပန်းများပွင့်ချိန်တွင် နှစ်စဉ်လာရောက် လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၄**

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ် နိုင်ရေးအတွက် မွန်ပြည်နယ် မော်လမြိုင် မြို့ရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးများ၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု ကြသည်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် မြန်မာအီလက် ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို ကြည့်ရှုစဉ်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက မော်လမြိုင်မြို့ အခြေခံပညာအထက် တန်းကျောင်း(ရွှေနတ်တောင်)၌ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး မဲရုံ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက် ထရောနစ်မဲပေးစက်(MEVM)နှင့် မဲပေးနိုင် ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိ သူများက မော်လမြိုင်မြို့နယ် စမ်းကြီး ရပ်ကွက်နှင့် နောင်ခရီးရပ်ကွက်တို့ရှိ ရွေးကောက်ပွဲကော်မရှင် ရုံးခွဲများ၌ တတိယအကြိမ် မဲဆန္ဒရှင်များစာရင်း ကပ်ထားကြေညာထားရှိမှု၊ အများပြည်သူ များ လာရောက်ကြည့်ရှုနေမှု၊ ဆန္ဒမဲပေး ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ကြိုတင်မဲပေးခြင်းလုပ်ငန်းများ ဆောင်ရွက် နေမှုတို့ကို သွားရောက်ကြည့်ရှုပြီး တိုင်းမှူး က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူ များက တိုင်းစစ်ဌာနချုပ် အောင်ဆန်း ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) သရုပ်ပြရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံ ကြည့်ရှုခဲ့ကြကြောင်း သတင်း ရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများ ပျက်ပြားစေရန်ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြု လုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက် ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ် သော်လည်း ဒီဇင်ဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ် ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှု ကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် ''Mo Mo Aung'' Facebook အကောင့် ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံ မြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၀) ရပ်ကွက်နေ မိုမိုအောင်အား ည ၁၀ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင် ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

# ၇၈ နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

၇၈ နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေး၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ သန်လျင်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက်ရွတ်ဆိုခြင်းများ ဆောင်ရွက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေးပြတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က ၇၈ နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားကာ စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ထို့ပြင် ၇၈ နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို သန်လျင်တပ်နယ် မဟာနာဝါနိကဇယမင်္ဂလာဗိမာန်တော်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ သန်လျင်မြို့နယ် သံဃနာယက ဩဝါဒါစရိယ သုဓမ္မာဝိနည်းဓိုရ် ပဝါရဏာ ဂိုဏ်းဦးစီးဥက္ကဋ္ဌ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇအမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးအေးမင်းထွေးနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်များနှင့်မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဥဝဝ)



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း နှင့်ဇနီးတို့က လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။





ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ၇၈ နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၀၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသ ကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တောင်ကြီးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ အောင်ပန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၄

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ဇလဲအရှေ့ရွာမှ သံဃာတော် ၁၂ ပါးနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ၁၃၅ ဦးတို့ကို အဆိုပါကျေးရွာခန်းမ၌လည်းကောင်း၊ ရပ်စောက်မြို့နယ် ပင်ပြစ်စံပြကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူ ၁၄၄ ဦးတို့ကို အဆိုပါကျေးရွာ တိုက်နယ်ဆေးရုံ၌လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဆီးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံအတွက်ဆေးပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ အောင်ပန်းမြို့ အမှတ်(၃) ရပ်ကွက်ရှိ သံဃာတော် ၄၄ ပါးနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ၂၃၉ ဦးတို့ကို အဆိုပါရပ်ကွက်ရှိ အောင်ချမ်းသာစာသင်တိုက်၌ အခြေပြု၍ တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဉာဏ)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၄ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများကို ထပ်မံချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။









KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများ ချိပ်ပိတ်သိမ်းဆည်းမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ–မွဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၄၉၄ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း နှစ်ထပ်အဆောက်အအုံ ၄၆ လုံးကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့ထိ တရားမဝင်အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးပြုမှု မရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင် ခုနစ်ထပ် အဆောက်အအုံ နှစ်လုံးကို ထပ်မံချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၆၃ လုံး ချိပ်ပိတ်သိမ်းဆည်းပြီး ဖြစ်ကြောင်း သိရသည်။

၎င်းအပြင် KK park နှင့် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကို ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ဉာဏ)

## အမေရိကန်နိုင်ငံ ဘိုလ်ဒါကောင်တီအနီး တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းရန်ထုတ်ပြန်ထားမှုကို ပြန်လည်ရုပ်သိမ်း



ဝါရှင်တန် ဒီဇင်ဘာ ၂၄

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဘိုလ်ဒါကောင်တီအနီးတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေသောကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ဒီဇင်ဘာ ၂၃ ရက်က ထုတ်ပြန်ခဲ့သော်လည်း တောမီးကိုထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားအသုံးပြုခဲ့ပြီး လေကြောင်းအကူအညီကိုပါ ရယူထားသည့်အတွက် တောမီးကို စတင်ထိန်းချုပ်လာနိုင်ခဲ့ပြီဖြစ်ပြီး ယနေ့တွင် ဘေးလွတ်ရာရွှေ့ပြောင်းရန် ထုတ်ပြန်ထားမှုကို ပြန်လည်ရုပ်သိမ်း လိုက်ပြီဖြစ်ကြောင်း ကော်လိုရာဒိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဝင်းတာကီထရေး ဇရိယာတွင် နေထိုင်သော ဒေသခံများနှင့် အီးဗနင်းစတား လမ်းအနီးတွင် နေထိုင်သည့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ထုတ်ပြန်ခြင်း ဖြစ်ကြောင်း သိရသည်။

"ဘိုလ်ဒါကောင်တီအနီးမှာ ဒီဇင်ဘာ ၂၃ ရက်က တောမီးပြင်းထန်စွာလောင်ကျွမ်းခဲ့တဲ့အတွက် ဒေသခံတွေ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြားအသုံးပြုပြီး လေကြောင်းအကူအညီကိုပါ ရယူထားတဲ့အတွက် တောမီးကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ကစတင်ပြီးတော့ တောမီးကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းဖို့ထုတ်ပြန်ထားတာကို ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်ပါတယ်"ဟု ကော်လိုရာဒိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## မွန်တီနီဂရိုးနိုင်ငံ Pljevlja မြို့တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေ၍ ဒေသခံများကို အိမ်အတွင်းမှာသာနေကြရန် သတိပေးထား

ပေါ့ဂိုရီးကာ ဒီဇင်ဘာ ၂၄

မွန်တီနီဂရိုးနိုင်ငံ Pljevlja မြို့တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေသဖြင့် ဒေသခံများကို အိမ်အတွင်းမှာသာနေကြရန် သဘာဝပတ်ဝန်းကျင်အေဂျင်စီက သတိပေးထားကြောင်း ယနေ့သတင်းများအရ သိရသည်။

Pljevlja မြို့တွင် ဖြစ်ပေါ်နေသော လေထုအရည်အသွေးသည် အလွန်ဆိုးရွားသည့် အခြေအနေဖြစ်နေကြောင်း၊ အဆိုပါလေထုထဲတွင် ဆာလဖာဒိုင်အောက်ဆိုက်($SO_2$) ဓာတ်ငွေ့များ အလွန်အကျွံ စိမ့်ဝင်ပျံ့နှံ့ကာ အဆိပ်အတောက် ဖြစ်စေနိုင်ကြောင်း၊ ဆာလဖာဒိုင်အောက်ဆိုက်နှင့်အတူ PM2.5 ကဲ့သို့ အလွန်သေးငယ်သော အမှုန်အမွှားများပါ ပါဝင်ပျံ့နှံ့နေကြောင်း သိရသည်။

လက်ရှိတွင် ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုကြောင့် ကလေးသူငယ်များ၊ အသက်အရွယ်ကြီးသူများ၊ အဆုတ်နှင့်နှလုံးရောဂါအခံရှိသူများ ကျန်းမာရေးအန္တရာယ်ရှိကြောင်း၊ ထို့ကြောင့် မလိုအပ်ဘဲ အပြင်မထွက်ကြရန်၊ အတတ်နိုင်ဆုံးအိမ်ထဲမှာသာနေထိုင်ကြရန်၊ နေအိမ်များအတွင်း လေသန့်စင်စက်များတပ်ဆင်ကြရန်နှင့် အပြင်သို့ထွက်ပါက နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ကြရန် သဘာဝပတ်ဝန်းကျင်အေဂျင်စီက သတိပေးထားကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်သူများ၏ အဆိုအရ လေထုညစ်ညမ်းစေသည့် အဓိကအကြောင်းအရင်းမှာ စက်ရုံ၊ အလုပ်ရုံများကြောင့်ဖြစ်ကြောင်း သိရပြီး အာဏာပိုင်များကမူ လေထုအရည်အသွေးအမြန်ဆုံးပြန်လည်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

## အိန္ဒိယနိုင်ငံက မုန်တိုင်းဒဏ်ခံခဲ့ရသော သီရိလင်္ကာနိုင်ငံကို ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကန်ဒေါ်လာ သန်း ၄၅၀ တန်ဖိုးရှိ အကူအညီများပေးအပ်သွားမည်

နယူးဒေလီ ဒီဇင်ဘာ ၂၄

အိန္ဒိယနိုင်ငံသည် မုန်တိုင်းဒဏ်ခံခဲ့ရသော သီရိလင်္ကာနိုင်ငံကို ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၄၅၀ တန်ဖိုးရှိ အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် စိုက်ပျိုးရေးနှင့်ငါးလုပ်ငန်းအပါအဝင် ဆက်စပ်လုပ်ငန်းများ ပြင်းထန်စွာ ထိခိုက်ခဲ့ရကြောင်း၊ ထို့ကြောင့် အဆိုပါစီးပွားရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်သူ ၃၇၄၀၀၀ ခန့်သည် အလုပ်အကိုင်မဲ့ဖြစ်နေရကြောင်း၊ ထို့ပြင် နိုင်ငံအတွင်းတွင် မုန်တိုင်းကြောင့် လမ်း၊ တံတား၊ လူနေအိမ်၊ အခြေခံအဆောက်အအုံ ပြန်လည်တည်ဆောက်ခြင်း ကဲ့သို့သော ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်း



များဆောင်ရွက်ရန် ပံ့ပိုးငွေများ လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံက သီရိလင်္ကာနိုင်ငံ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ သန်း ၄၅၀ တန်ဖိုးရှိ အကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆုဘရာမန်ယမ်ဂျိုင်ရှန်ကာက ပြောကြားခဲ့သည်။

အဆိုပါ အကူအညီပေးရေး အစီအစဉ်တွင် မုန်တိုင်းဒဏ်အဆိုးရွားဆုံးခံရသော နေရာများတွင် ပျက်စီးခဲ့သည့် ရထားလမ်း၊ ကားလမ်းနှင့် တံတားများ ပြန်လည်တည်ဆောက်ခြင်းအပြင် ပျက်စီးသွားသောနေအိမ်များကို ပြန်လည်တည်ဆောက်ခြင်း တို့ကိုလည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးရေးတို့ ပါဝင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

## ၂၀၂၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံအတွင်း စိုစွတ်မှုနှုန်း ပိုမိုမြင့်မားဖွယ်ရှိနေကြောင်း ရာသီဥတုဖောက်ပြန်မှုဆိုင်ရာအေဂျင်စီက ထုတ်ပြန်

ဂျကာတာ ဒီဇင်ဘာ ၂၄

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၂၆ ခုနှစ်အတွင်း ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတု ပြောင်းလဲမှုနှင့် ပတ်သက်ပြီး သုတေသနပြုလုပ်ခဲ့ရာ ပုံမှန်ထက်စိုစွတ်မှုနှုန်းမြင့်မားနိုင်ကြောင်း ရာသီဥတုဖောက်ပြန်မှုဆိုင်ရာအေဂျင်စီက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

စိုစွတ်မှုနှုန်းမြင့်မားနိုင်သည့်အတွက် ကောက်ပဲသီးနှံများနှင့် ဆီအုန်းရိတ်သိမ်းမှုကို ထိခိုက်စေနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားသင့်ကြောင်း၊ ၂၀၂၆ ခုနှစ်အတွင်း စိုစွတ်သည့် ရာသီဥတု ကာလရှည်ဖြစ်ပေါ်နိုင်သကဲ့သို့ စိုစွတ်မှုနှုန်းမြင့်မားနိုင်သော်လည်း ဖွန်လမှစ၍ ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်ပေါ်လာနိုင်ကြောင်း ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အက်ဟာစီနာက ပြောကြားသွားခဲ့သည်။

"ရာသီဥတု ဖောက်ပြန်မှုဆိုင်ရာ လုပ်ငန်းတွေနဲ့ပတ်သက်ပြီးတော့ သုတေသနတွေဆောင်ရွက်ခဲ့ပါတယ်။ လာမဲ့နှစ်အတွင်းမှာ ဖြစ်ပေါ်လာနိုင်တဲ့ ရာသီဥတုအခြေအနေတွေကတော့ စိုစွတ်မှုနှုန်းဟာ ပုံမှန်ထက်မြင့်တက်နိုင်ပါတယ်။ စိုစွတ်တဲ့ရာသီဥတုဟာ ကာလရှည် ဖြစ်ပေါ်နိုင်ပေမဲ့လဲ ဇွန်လပိုင်းလောက်ဆိုရင်တော့ အပူပိုင်းရာသီဥတုဖြစ်ပေါ်နိုင်ပါတယ်။ စိုစွတ်တဲ့ရာသီဥတုကြောင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍတွေကို ထိခိုက်စေနိုင်သလို ဆီအုန်းရိတ်သိမ်းပြီး ပြန်လည်စိုက်ပျိုးခြင်း လုပ်ငန်းတွေကို ထိခိုက်လာစေနိုင်ပါတယ်။ စိုစွတ်မှုနှုန်းမြင့်မားတဲ့ အတွက်ကြောင့်လဲ ကြံစိုက်ပျိုးမှုနဲ့ ဆေးရွက်ကြီးစိုက်ပျိုးမှုတွေကိုလဲ ထိခိုက်စေနိုင်တဲ့အတွက် တောင်သူတွေအနေနဲ့ ကြိုတင်ပြင်ဆင်ထားသင့်တဲ့အခြေအနေဖြစ်ပါတယ်"ဟု ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အက်ဟာစီနာက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## အီရတ်နိုင်ငံ ဟာလပ်ဂျာဒေသတွင် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် နှစ်သစ်ကူးပွဲတော်ကျင်းပပြုလုပ်မည့်အစီအစဉ် ဖျက်သိမ်းခဲ့

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၄

အီရတ်နိုင်ငံ ကာဒီစတန်ပြည်နယ် ဟာလပ်ဂျာဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် နှစ်သစ်ကူးပွဲတော်ကျင်းပရန် စီစဉ်ထားမှုကိုဖျက်သိမ်းခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

နှစ်သစ်ကူးပွဲတော်ကျင်းပပါက လူစုလူဝေးဖြစ်ကာ ရေဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်သည့်အတွက်ကြောင့် ပွဲတော်ကျင်းပမှုကိုဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရခြင်းမရှိသော ဒေသများတွင် နှစ်သစ်ကူးပွဲတော်ကျင်းပရန် အဆင်ပြေနိုင်သော်လည်း ပြည်နယ်အတွင်း စည်းလုံးမှုကို ပြသလိုသည့်အတွက်ကြောင့် တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့် နှစ်သစ်ကူးပွဲတော်မကျင်းပရန် ကာဒီစတန်ပြည်နယ်ဝန်ကြီးချုပ် နက်ရှာက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဟာလပ်ဂျာဒေသ ရေကြီးရေလျှံမှုကြောင့် နေရာတော်တော်များများမှာ ရေလွှမ်းနေပါတယ်။ လမ်းပန်း ဆက်သွယ်ရေးတွေလဲ ပြတ်တောက်နေတယ်။ ဒါကြောင့် နှစ်သစ်ကူးပွဲတော် ကျင်းပဖို့အတွက် စီစဉ်ထားမှုကိုဖျက်သိမ်းလိုက်ပါတယ်။ အခြားဒေသတွေမှာ နှစ်သစ်ကူးပွဲတော်ကျင်းပနိုင်တဲ့ အခြေအနေမျိုးရှိပေမဲ့လဲ ရေဘေးဒဏ်သင့် ပြည်သူတွေနဲ့ အတူရှိနေကြောင်းကို ပြသချင်တာဖြစ်သလို ပြည်နယ်အတွင်း စည်းလုံးမှုရှိတာကိုလဲ ပြသနိုင်မှာဖြစ်တဲ့အတွက်ကြောင့် တစ်ပြည်နယ်လုံးမှာ နှစ်သစ်ကူးပွဲတော်မကျင်းပဖို့ ထုတ်ပြန်ထားပါတယ်။ ရေဘေးဒဏ်သင့်ပြည်သူတွေကို ကူညီပံ့ပိုးမှုတွေလဲ ဆက်လက် လုပ်ဆောင်နေပြီဖြစ်ပါတယ်"ဟု ကာဒီစတန်ပြည်နယ်ဝန်ကြီးချုပ်နက်ရှာက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

နီလင်းနွယ်

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကနှင့် အခြေခံအုတ်မြစ်မှာ စိုက်ပျိုးမွေးမြူရေး ကဏ္ဍဖြစ်သည်။ မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး ထက်ဝက်ကျော်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အမှီပြုလုပ်ကိုင်နေကြသူများဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်နေမှသာလျှင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်စက်မှုကဏ္ဍသည် ခိုင်မာစွာပေါ်ထွန်းလာနိုင်မည်ဖြစ်သည်။ ထို့ပြင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ် တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဟူသော ဦးတည်ချက်လည်းပါဝင်သည်။ သို့ဖြစ်ရာ ပြည်သူတို့၏လူမှုစီးပွားဘဝမြင့်မားရေးသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် တည်မှီနေပြီး စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည်လည်း စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်မှုအပေါ်တွင် မူတည်လျက်ရှိသည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုရန်အတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဆီသို့ ဦးတည်ဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဆိုသည်မှာ စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် သီးနှံများ၊ သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ အမျှင်များ၊ မွေးမြူရေးထွက်ပစ္စည်းများ စသည်တို့ကို ကုန်ကြမ်းအဖြစ်အသုံးချပြီး တန်ဖိုးမြင့်ကုန်ချောများ၊ တစ်ပိုင်းကုန်ချော သို့မဟုတ် အခြားစက်မှုလုပ်ငန်းများအတွက် သွင်းအားစုများထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည်။ တစ်နည်းအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းဆိုသည်မှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍမှ ထွက်ရှိသော ကုန်ကြမ်းများကိုအသုံးပြု၍ တန်ဖိုးမြင့်ထုတ်ကုန်များကို ဖန်တီးထုတ်လုပ်သည့် စက်မှုလုပ်ငန်းများဖြစ်သည်။ သို့မှသာ ခေတ်မီနည်းပညာများ၊ တန်ဖိုးမြှင့်တင်မှုများ၊ ထိရောက်သော ထောက်ပံ့ပို့ဆောင်ရေးနှင့် ဈေးကွက်ချိတ်ဆက်မှုတို့သည် ထုတ်ကုန်များကို ဘေးအန္တရာယ်ကင်းရှင်း၍ အာဟာရပြည့်ဝသည့် ထုတ်ကုန်များအဖြစ် ပြည်တွင်း၊ ပြည်ပဈေးကွက်၏ လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ကုန်ထုတ်လုပ်မှု တိုးတက်လာခြင်းသည် နိုင်ငံတော်အတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံစေခြင်းနှင့် သွင်းကုန်ကို မှီခိုအားထားမှုလျှော့ချနိုင်ခြင်း၊ ပို့ကုန်တန်ဖိုးမြင့်မားလာခြင်းဖြင့် နိုင်ငံခြားငွေပိုမိုရရှိစေခြင်း၊ နည်းပညာနှင့် ကျွမ်းကျင်မှုများ တိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍများတွင် အဓိကပါဝင်သည့်လုပ်ငန်းခွဲများမှာ စားသောက်ကုန်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ သစ်တောနှင့်သစ်သားထုတ်လုပ်မှုလုပ်ငန်း၊ အခြားစက်မှုလုပ်ငန်း(ရော်ဘာ၊ သားရေ၊ ဆေးဖက်ဝင်အပင်များ)တို့ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍများ ခိုင်မာစွာတည်ထောင်နိုင်ရန် အရေးကြီးဆုံးလိုအပ်ချက်မှာ အရည်အသွေးပြည့်မီသော ကုန်ကြမ်းများစဉ်ဆက်မပြတ်ရရှိရေးပင်ဖြစ်သည်။ မိရိုးဖလာစိုက်ပျိုးနည်းစနစ်များမှ မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်သည့် ခေတ်မီနည်းစနစ်များသို့ကူးပြောင်းပြီး တစ်ဧကအထွက်နှုန်းပန်းတိုင်များကို ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြေလွတ်မြေလပ်မကျန် သီးထပ်၊ သီးညှပ်များ စိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေကို အလှည့်ကျစိုက်ပျိုးခြင်းတို့ဖြင့် မြေဆီမြေသြဇာကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကဏ္ဍများမှ ထွက်ရှိသော ကုန်ကြမ်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲပေးနိုင်သည့် စက်မှုကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ဆန်၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဝါ စသည့် ကုန်ကြမ်းများသည် ဆန်စက်များ၊ ဆီစက်များ၊ တိရစ္ဆာန်အစာစက်များ၊ ဝါချည်မျှင်နှင့် အထည်စက်ရုံများ ပေါ်ပေါက်လာစေရန် တွန်းအားပေးနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ဥပမာ ပဲမှ ပဲဆီ၊ ပဲမှုန့်၊ နို့အစားထိုး ထုတ်ကုန်၊ ဝါမှ အဆင့်မြင့်ချည်မျှင်နှင့် အထည်များထုတ်လုပ်ခြင်းတို့သည် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေမည့် နည်းလမ်းများဖြစ်သည်။ အဆိုပါလုပ်ငန်းများမှ ကုန်ကြမ်းများကို စားသောက်ကုန်အမျိုးမျိုး၊ အထည်အလိပ်များ၊ ဇီဝလောင်စာများ စသည်တို့အဖြစ်သို့ အသွင်ပြောင်းစေပြီး တန်ဖိုးကိုလည်း မူလကုန်ကြမ်းထက် များစွာတိုးမြင့်သွားစေသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများရှိ MSME လုပ်ငန်းများမှ ထုတ်လုပ်လိုက်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံ စက်မှုကုန်ချော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများစွာကို မိမိတို့နိုင်ငံ၏ ပြည်တွင်းဈေးကွက်တွင် တွေ့ရှိနိုင်သည်။ အချို့ကုန်ပစ္စည်းများမှာ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုတို့ပေါင်းစပ်ထားခြင်းကြောင့် စိတ်ဝင်စားဖွယ်၊ စားချင်စဖွယ်ဖြစ်နေသဖြင့် မူလတန်ဖိုးထက် များစွာမြင့်မားသည့် ကုန်ပစ္စည်းများဖြစ်နေကြသည်။ စားချင်စဖွယ်အရောင်အဆင်း၊ အနံ့အရသာတို့နှင့် ပြည့်စုံသည့် အစားအစာများ၊ လိုချင်စဖွယ်ဒီဇိုင်းအသစ်အဆန်းများနှင့် လူသုံးကုန်များ၊ ခေတ်မီလှပသည့် ထုပ်ပိုးမှုများကြောင့် ဈေးကွက်ရရှိနေကြသည်ကို တွေ့ရသည်။

> ❖ စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍပေါင်းစပ်ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ဆုံးပန်းတိုင်သည် ပြည်သူတို့၏လူမှုစီးပွားဘဝမြင့်မားရေးပင်ဖြစ်သည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် စက်ရုံများ၊ ထုပ်ပိုးမှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ထွက်လာမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုကြောင့် ဒေသတွင်းစားရေရိက္ခာဖူလုံမှုရှိစေမည်ဖြစ်ပြီး ပိုလျှံသည်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ၏စားရေရိက္ခာလုံခြုံမှုကိုပါ အာမခံနိုင်မည်ဖြစ်သည်။ ❖

ထို့ပြင် ကမ္ဘာပေါ်တွင် စိုက်ပျိုးမွေးမြူရေးအခြေခံသည့် စက်မှုကဏ္ဍများထွန်းကားသော အဓိကနိုင်ငံကြီးများမှာ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဘရာဇီး၊ အားဂျင်တီးနား၊ ပြင်သစ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ အီတလီတို့ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးအခြေခံသည့် စက်မှုကဏ္ဍများဖြစ်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များသည် နိုင်ငံ့စီးပွားရေး၏ အဓိကအခန်းကဏ္ဍတွင်ပါဝင်နေပြီး စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော MSME လုပ်ငန်းများသည် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရန်အရေးပါသည့် လမ်းကြောင်းဖြစ်သည်။ ထို့ပြင် ပြည်တွင်း၌ လိုအပ်နေသော စားသုံးကုန်၊ လူသုံးကုန်နှင့် လယ်ယာသုံးပစ္စည်းများ၊ မွေးမြူရေးအစားအစာများကို ပြည်ပမှအများအပြားတင်သွင်းနေရသဖြင့် ပြည်တွင်းလိုအပ်ချက်တွင် MSME လုပ်ငန်းများက အရည်အသွေးမီစွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍများသည် နိုင်ငံတကာစံနှုန်းများဖြစ်သည့် ကောင်းမွန်သော စိုက်ပျိုးရေးနည်းလမ်း(GAP)နှင့် ပိုးသတ်ဆေးအကြွင်းအကျန် အများဆုံးပမာဏသတ်မှတ်ချက်(MRLs) မပြည့်မီခြင်း၊ ခါတ်ခွဲခန်းများ အားနည်းခြင်း၊ ကုန်းကြမ်းသာအဓိကတင်ပို့ရ၍ တန်ဖိုးမြှင့်တင်မှုနည်းပါးခြင်း၊ MSME လုပ်ငန်းများတွင် နည်းပညာနှင့် စက်ကိရိယာချို့ယွင်းအားနည်းခြင်းနှင့် သယ်ယူပို့ဆောင်စရိတ်မြင့်မားခြင်း စသည့် အခက်အခဲများဖြင့် ရင်ဆိုင်နေရသည်။ နိုင်ငံတကာဈေးကွက်သည် ဓာတုပစ္စည်းအကြွင်းအကျန်နည်းပါးမှု၊ သန့်ရှင်းမှုနှင့် ကုန်ပစ္စည်းခြေရာခံနိုင်မှုတို့ကို အထူးအလေးထားသည်။ ခြေရာခံနိုင်မှုဆိုသည်မှာ ထုတ်ကုန်ပစ္စည်းတစ်ခု၏လှုပ်ရှားမှုနှင့် သမိုင်းကြောင်းကို ထုတ်လုပ်မှု၊ ပြုပြင်မွမ်းမံမှု၊ ဖြန့်ဖြူးရောင်းချမှု စသည့်အဆင့်တိုင်းတွင် စနစ်တကျမှတ်တမ်းတင်ပြီး နောက်ကြောင်းပြန်လိုက်နိုင်သည့်စွမ်းရည်ကို ဆိုလိုခြင်းဖြစ်သည်။ ခြေရာခံနိုင်မှုစနစ်သည် ခေတ်မီစိုက်ပျိုးရေးနှင့် နိုင်ငံတကာဈေးကွက်သို့တင်ပို့မည့်လုပ်ငန်းများတွင် မရှိမဖြစ်လိုအပ်သည့် အခြေခံဆောင်ရွက်မှုဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ရန်နှင့် စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုရန်အတွက် နိုင်ငံတကာအရည်အသွေးထိန်းချုပ်မှု စံချိန်စံညွှန်းများနှင့်ကိုက်ညီသော၊ ဓာတုအကြွင်းအကျန်ကင်းစင်သော သီးနှံများကိုသာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍပေါင်းစပ်ဖွံ့ဖြိုးတိုးတက်မှု၏ နောက်ဆုံးပန်းတိုင်သည် ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေးပင်ဖြစ်သည်။ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် စက်ရုံများ၊ ထုပ်ပိုးမှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ထွက်လာမည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးမှုကြောင့် ဒေသတွင်းစားရေရိက္ခာဖူလုံမှုရှိစေမည်ဖြစ်ပြီး ပိုလျှံသည်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ၏စားရေရိက္ခာလုံခြုံမှုကိုပါ အာမခံနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ခြင်း၊ ဆင်းရဲမှုလျော့နည်းလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာခြင်း၊ မြို့ပြနှင့်အခြားပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်လုပ်ကိုင်မှုနည်းပါးလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေးဟူသော ရည်မှန်းချက်သည် နိုင်ငံတော်တည်ဆောက်ရေးတွင် လက်တွေ့ကျပြီး အောင်မြင်ရန်သေချာသော လမ်းကြောင်းဖြစ်သည်။ နိုင်ငံ့စီးပွားရေး၏အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကိုခေတ်မီနည်းစနစ်များဖြင့် စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ခြင်း၊ ၎င်းမှထွက်ရှိသော ကုန်ကြမ်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲနိုင်သောစက်မှုလုပ်ငန်းများ တိုးချဲ့တည်ထောင်ခြင်းဖြင့်သာ နိုင်ငံတော်၏စီးပွားရေးသည် မျှတစွာ ဖွံ့ဖြိုးတိုးတက်လာပြီး ကျေးလက်နှင့် မြို့ပြရှိ ပြည်သူအားလုံး၏ လူမှုဘဝသည်လည်း မြင့်မားလာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံ့စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်သော စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန် အားပေးတိုက်တွန်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စိုက်ပျိုးမွေးမြူရေး အခြေခံစက်မှုလုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံထူထောင်လုပ်ကိုင်လာရေးကိုလည်း မဖြစ်မနေ ကြိုးပမ်းအားထုတ် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးအခြေခံ စက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်နိုင်ရေးကိုလည်း နိုင်ငံတော်က အားပေးလျက်ရှိပြီး နည်းပညာ၊ ငွေကြေးနှင့် လိုအပ်ချက်များကိုပါ ကူညီပေးလျက်ရှိရာ စွန့်ဦးတီထွင်စိတ်ဓာတ်ဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းစွမ်းဆောင်နိုင်စေရန် ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- www.myanmar.gov.mm
- www.moi.gov.mm
- www.myawaddy.net.mm

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရွှေဘို ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၁၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၄ ဒသမ ၀၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၁၄၇ ဧက စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မြို့နယ်အလိုက် နေကြာရိတ်သိမ်းပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၉၇ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၈၂ ဧက၊ ဝက်လက်မြို့နယ်တွင် ၂၁၄ ဧက၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၅၄ ဧက စုစုပေါင်း ၁၁၄၇ ဧကဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းယန်း ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ယန်းခိုင်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် အင်ဂျင်နီယာများက ယန်းခိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းယန်မြို့နယ် ယန်းခိုင်ကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လမ်းအရှည်ပေ ၃၃၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကုန်ထုတ်လမ်းကျောက်ရောမြေခင်းခြင်း လုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၆၀ ဒသမ ၃၃ သန်းဖြင့် Ester Akha Layကုမ္ပဏီက တင်ဒါအောင်မြင်၍ ယခုနှစ် ဇူလိုင်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်၍ အဆိုပါလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ယန်းခိုင်ကျေးရွာရှိ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၁၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ဧက ၁၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၁၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံ ဧက ၁၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စားဖိုဆောင်သီးနှံကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနအပြင် ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ စားဖိုဆောင်သီးနှံ ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ ဧက ၁၀၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးမဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။



မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ အဆိုပါ စားဖိုဆောင်သီးနှံ ဧက ၁၀၀၀ တွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ ခရမ်း၊ သင်္ဘော၊ ကန်စွန်း၊ ကြက်ဟင်းခါးသီး၊ ပဲပုစွန်သီး စသည့်သီးနှံများကိုအများဆုံးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

စားဖိုဆောင်သီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားဖိုဆောင်သီးနှံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ရေကြည်မြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ရေကြည် ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မယ်ဇလီကုန်းကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ခံအင်ဂျင်နီယာများက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ မယ်ဇလီကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေကြည်မြို့နယ် မယ်ဇလီကုန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၃၉ သန်းဖြင့် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် တင်ဒါအောင်မြင်သည့် ဝင်းထက်ကျော်ကုမ္ပဏီက ဇွန်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေထံမှ သိရသည်။

သံသာ

# မင်းလှမြို့နယ် လှည်းပြင်တင်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေး

**မင်းလှ ဒီဇင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှည်းပြင်တင်ရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ဖြင့် ကျေးလက်နေပြည်သူများ ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များက လှည်းပြင်တင်ရွာမကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၁ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့

# တကယ်ချမ်းသာလိုပါလျှင်

ဘုန်းသန့်စင်

**လောကစံ**

လောကစံတရားရှစ်ပါးတွင် ဥစ္စာပြည့်စုံကုံလုံကြွယ်ဝရခြင်းနှင့် ဥစ္စာနည်းပါးဆင်းရဲရခြင်းဆိုသော ဒွန်တွဲနေတတ်သည့် အကြောင်းတရားနှစ်ပါး ပါဝင်သည်။ လူသားတို့၏လိုအင်ဆန္ဒနှင့် ဘဝလိုအပ်ချက်များက ချမ်းသာခြင်းဆိုသည့် ကောင်းသော လောကစံနှင့် ကောင်းသောအရာတွေချည်းကို သာလိုချင်ကြသည်။ လောကသဘာဝအရ ကံကြမ္မာသည် လူတို့အတွက် ကောင်းသောအရာတွေချည်း သယ်ဆောင်လာလေ့မရှိဘဲ တစ်ခါတစ်ရံမမျှော်လင့်ဘဲ မကောင်းသော၊ လက်သင့်ခံဖွယ်မရှိသော၊ စိတ်ခတ်ကျဖွယ်အတိဖြစ်သော အရာများမှသည် ပစ္စည်းဥစ္စာလျော့ပါးဆုံးရှုံးရခြင်းထိ သယ်ဆောင်လာလေ့ရှိသည်။ ချမ်းသာခြင်းဆိုသည့် လောကစံတရားကို ယေဘုယျအားဖြင့် ကောင်းသောလောကစံဟု သတ်မှတ်လေ့ရှိကြပြီး ဆင်းရဲခြင်းကို ဆိုးသောလောကစံဟု သတ်မှတ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းတို့သည်ကား မိမိဘဝအတွင်းသို့ မမျှော်လင့်သည့်အချိန်တွင် ဝင်ရောက်လာတတ်သည်ကိုလည်း သတိပြုမိရန်လိုသည်။

ချမ်းသာခြင်းကိုသာမျှော်လင့်ပြီး ဘဝကိုရုန်းကန်လှုပ်ရှားကာကြိုးစားရင်း နေဝင်ချိန်ကို စောင့်နေကြရသည့်လူ့ဘဝတွင် ဆင်းရဲခြင်းလောကစံလှိုင်းရိုက်ခတ်သည့်အခါ အလူးအလဲခံစားကြရသည်။ အတိတ်ကံအရ လူတို့သည် မွေးဖွားသည့်အချိန်တွင် ရွှေလင်ပန်းနှင့်အချင်းဆေး၍ အေးဆေးစွာမွေးဖွားလာသည့်ဘဝများရှိသကဲ့သို့ အဝတ်စုတ်နှင့်အနီးထုပ်၍ ခက်ခဲကြမ်းတမ်းစွာ မွေးဖွားလာကြရသည့်ဘဝများလည်းရှိကြသည်။ မွေးဖွားချိန်နှင့် သေဆုံးချိန်ကြားကာလကို ဘဝဟုဆိုကြသဖြင့် ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းတို့သည်ကလည်း ဘဝရသဟုပင်ဆိုနိုင်သည်။ လူတိုင်း၏ ဘဝရည်မှန်းချက်၊ မျှော်လင့်ချက်က စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာခြင်းဖြစ်လေ့ရှိကြသဖြင့် ချမ်းသာခြင်းရသကို ပို၍ခုံမင်နှစ်သက်မိနေခြင်းဖြစ်သည်။

**ချမ်းသာခြင်းက လောကစံလား**

အနိမ့်အမြင့်နှင့် အတက်အကျ ရောနှောထားသည့်လူ့ဘဝတွင် ပစ္စည်း ဥစ္စာကြွယ်ဝချမ်းသာခြင်းကို လောကစံဟုဆိုပါလျှင် လက်သင့်ခံသူ ရှားပေလိမ့်မည်။ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာခြင်းဆိုသည်ကား လူတိုင်း၏ဘဝရည်မှန်းချက်ဖြစ်နေတတ်သဖြင့် ချမ်းသာခြင်းက လူတို့ကို ဒုက္ခဖြစ်စေသည်ဟုဆိုပါလျှင် လက်သင့်ခံနိုင်ဖွယ်မရှိပေ။ ငွေသည် ဒုတိယဘုရားသခင်ဟုပင်ဆိုကြသဖြင့် ငွေကြေးပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်းဖြင့် အရာရာကို ဖန်တီးပုံဖော်နိုင်သည်ဟုထင်နိုင်သဖြင့် ချမ်းသာခြင်းကို လောကစံဟုမထင်ကြပေ။ ငွေကြေးပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာခြင်းဖြင့် ဘဝလိုအပ်ချက်အားလုံးကို ပြည့်စုံနိုင်ပါ့မလားဆိုသည့်မေးခွန်းကို ပြန်မေးမိကြရန်လိုသည်။

ပျော်ရွှင်သောမိသားစုဘဝ၊ အေးချမ်းတည်ငြိမ်သောဘဝကို ငွေဖြင့် ဖန်တီးရယူနိုင်ရန် ဖြစ်နိုင်ပါ့မလားဆိုသည့်မေးခွန်းမျိုးကို လူတိုင်း မိမိကိုယ်မိမိပြန်လည်မေးမြန်းကြည့်ရန် မေ့လျော့နေတတ်ကြသည်။ စစ်မှန်သောချမ်းသာခြင်းဆိုသည်မှာ ငွေကြေးပစ္စည်းဥစ္စာကြွယ်ဝချမ်းသာခြင်းဆိုသည့်အရာတစ်ခုတည်းနှင့် မပြည့်စုံနိုင်ပေ။ အရာရာကို ငွေဖြင့်ပေးချေကာ ဝယ်ယူ၍မရနိုင်သဖြင့် စိတ်ရောကိုယ်ပါ ချမ်းသာသောဘဝကို ငွေရှိရုံမျှဖြင့်မရနိုင်ပေ။ မည်မျှချမ်းသာသူဖြစ်စေ ရောဂါဘယနှိပ်စက်၍ အိပ်ရာထက်တွင်လဲနေရသောဘဝကို ငွေတစ်ခုတည်းဖြင့် နာလန်ထူအောင်မလုပ်နိုင်ပေ။ ကင်ဆာကဲ့သို့သော ရောဂါမျိုးကို ငွေပေး၍ ကုသနိုင်ရန်မဖြစ်နိုင်သည်ကို လူတိုင်းသိကြသည်။ သို့ဖြစ်ရာ မိမိတွင်ရှိသော ငွေကြေးဥစ္စာများအပေါ်အခြေတည်၍ ဂုဏ်မာနထောင်လွှားနေမည်ဆိုပါက ချမ်းသာခြင်းသည် မိမိဘဝကိုပင် ပျက်စီးစေနိုင်သည့် အရာတစ်ခုပင် ဖြစ်သွားနိုင်သည်။

ဆင်းရဲခြင်းဆိုသည့် ချောက်ကမ်းပါးအတွင်းသို့ ခုန်ဆင်းလိုသည့်လူဟူ၍ မရှိနိုင်ပေ။ ချမ်းသာသည့်ဘဝမှ ကုန်းကောက်စရာပင် မရှိလောက်အောင် ဆင်းရဲသွားရသည့်လူတို့ကို သုံးသပ်ကြည့်သည့်အခါ ရွှေထီးဆောင်းခဲ့ရဖူးသည့် အတိတ်ကို ပြန်လည်တမ်းတပြောဆိုလေ့ရှိကြသည်ကို တွေ့နိုင်သဖြင့် ဆင်းရဲခြင်းကို လူတို့လက်သင့်မခံလိုကြဘဲ ချမ်းသာခြင်းကိုသာ အချိန်နှင့်အမျှ လိုလားတောင့်တနေသည်ဟု မှတ်ယူနိုင်သည်။ ဥစ္စာပစ္စည်းကြွယ်ဝပြည့်စုံမှုမရှိသည့် လူတစ်ဦးအနေဖြင့်လည်း ချမ်းသာသည့်အခါ၊ ပစ္စည်းဥစ္စာပြည့်စုံသည့်အခါ ဘာလုပ်မည်ဆိုသည့်အိပ်မက်များကို ပြောလေ့ရှိကြပြန်သည်ကလည်း ဆင်းရဲခြင်းကို လူတိုင်း မုန်းတီးကြသည်ဟု ဆိုနိုင်သည်။ ငွေကြေးမပြည့်စုံသော်လည်း ပျော်ရွှင်သောဘဝကို ဖန်တီးပုံဖော်ရယူထားနိုင်သူများအတွက်မူ ဆင်းရဲခြင်းက နှိပ်စက်၍မရပေ။ အချိန်ပြည့် ကြိုးစားမှုဖြင့်သာ ဘဝကို ဖြတ်သန်းလေ့ရှိကြသဖြင့် ဆင်းရဲခြင်းဆိုသည်ကား ခေတ္တရောက်လာတတ်သည့် ဧည့်သည်တစ်ယောက်ထက် ပို၍မနေနိုင်ပေ။

**❖ ရိုးသားစွာကြိုးစားရှာဖွေခြင်းဖြင့် ပစ္စည်းဥစ္စာရှာဖွေစုဆောင်းရမည်က လူတို့၏တာဝန်ပင်ဖြစ်သည်။ စည်းစိမ်ဥစ္စာများကို စွန့်လွှတ်၍ တရားဓမ္မဖြင့်သာ မွေ့လျော်သူများအတွက် မလိုအပ်သော်လည်း လောကီစည်းစိမ်ဥစ္စာများကြား သာမန်ဘဝကို ပိုင်ဆိုင်ထားကြသည့် လူသားများအနေဖြင့် ငွေကြေးပစ္စည်းဥစ္စာရှာဖွေစုဆောင်းလိုသည်မှာ ဓမ္မတာပင်ဖြစ်သည်။ လူတိုင်းငွေကြေးပစ္စည်းမပြည့်စုံခြင်းဆိုသည့် လောကဓံတရားကို မခံစားနိုင်ကြပေ။ ငွေကြေးပြည့်စုံကြွယ်ဝသည့်ဘဝကို ဖန်တီးပုံဖော်နိုင်ရေး နည်းလမ်းပေါင်းစုံသုံးကာ ကြိုးစားကြသည်။❖**

အလုံးစုံပြည့်စုံကြွယ်ဝချမ်းသာသောဘဝဟူ၍ မရှိနိုင်ပေ။ ငွေကြေး ပစ္စည်းဥစ္စာချမ်းသာသော်လည်း မိသားစုဘဝမပြည့်စုံ၊ မအေးချမ်း၊ ကျန်းမာရေးကအားနည်းဆိုသည့်အခြေအနေများလည်း ရှိနိုင်သည်။ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းဆိုသည့်အရာကို တိုင်းတာရာတွင် ငွေကြေးတစ်ခုတည်းဖြင့်၊ တိုက်တာအိုးအိမ်စည်းစိမ်ပိုင်ဆိုင်မှုနည်းခြင်းမျှဖြင့် ဆင်းရဲသည်ဟု သုံးသပ်မိကြခြင်းသာဖြစ်သည်။ ဉာဏ်ပညာကိုအခြေခံ၍ ငွေကြေးပစ္စည်းပြည့်စုံသော်လည်း ဥစ္စာပစ္စည်းဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် အချိန်မရွေးဆုံးရှုံးသွားနိုင်သည်ကို သတိပြုမိကြရန်လိုသည်။ ထိုကဲ့သို့သော အတွေးမှန်၊ စိတ်ထားမှန်ရှိသည့်အခါတွင် မိမိဘဝသည် အမှန်တကယ် ဆင်းရဲနေသလားဆိုသည်ကို သုံးသပ်မိနိုင်မည်ဖြစ်သည်။

**ဆင်းရဲခြင်းလွတ်ကင်းအောင်**

ရိုးသားစွာကြိုးစားရှာဖွေခြင်းဖြင့် ပစ္စည်းဥစ္စာရှာဖွေစုဆောင်းရမည်က လူတို့၏ တာဝန်ပင်ဖြစ်သည်။ စည်းစိမ်ဥစ္စာများကိုစွန့်လွှတ်၍ တရားဓမ္မဖြင့်သာ မွေ့လျော်သူများအတွက် မလိုအပ်သော်လည်း လောကီစည်းစိမ်ဥစ္စာများကြား သာမန်ဘဝကို ပိုင်ဆိုင်ထားကြသည့်လူသားများအနေဖြင့် ငွေကြေးပစ္စည်းဥစ္စာရှာဖွေစုဆောင်းလိုသည်မှာ ဓမ္မတာပင်ဖြစ်သည်။ လူတိုင်းငွေကြေးပစ္စည်းမပြည့်စုံခြင်းဆိုသည့် လောကဓံတရားကို မခံစားနိုင်ကြပေ။ ငွေကြေးပြည့်စုံကြွယ်ဝသည့်ဘဝကို ဖန်တီးပုံဖော်နိုင်ရေး နည်းလမ်းပေါင်းစုံသုံးကာ ကြိုးစားကြသည်။ သမ္မာအာဇီဝဖြင့် မှန်ကန်စွာအသက်မွေးကာ ဆင်းရဲခြင်းဘေးမှ လွတ်ကင်းအောင် ကြိုးစားကြသည်။ ငွေကြေးနောက်သို့ လိုက်ပါမိသည့်အခါတွင် တရားသောနည်းဖြင့်ဝေးကွာသွားပြီး မည်သည့်နည်းနှင့်မဆို ငွေကြေးကို ရှာဖွေတတ်ကြသည်။

လူတို့၏လောဘသည် အတောမသတ်ရှိတတ်သည်။ အချိန်တိုင်း လိုအပ်ချက်များဖြင့် ပြည့်နေတတ်သည်။ စက်ဘီးစီးနိုင်သူက ဆိုင်ကယ်ကို မျှော်လင့်လေ့ရှိပြီး ဆိုင်ကယ်စီးနိုင်သူက ကားဝယ်ရန်မျှော်လင့်ချက်ရှိကြပြန်သည်။ ကားဝယ်စီးနိုင်သူက တိုက်ဆောက်ရန်ကြိုးစားလေ့ရှိကြသည်။ လိုအင်ဆန္ဒနှင့် ဘဝလိုအပ်ချက်အားလုံးကို အပြုံးဖြင့်ရင်ဆိုင်ပြီး ဝီရိယအားကိုးကာ ကြိုးစားဖြည့်ဆည်းရန်လိုသည်။ ရိုးသားစွာ ကြိုးစားသူတိုင်းအတွက် ဆင်းရဲခြင်း ချောက်ကမ်းပါးအတွင်းမှ အလွယ်တကူ ပြန်တက်နိုင်မည်သာဖြစ်သည်။

လောဘဖြင့် ငွေကြေးရှာဖွေမည်ဆိုလျှင် ဘဝဆိုသည်မှာ အဓိပ္ပာယ်မရှိနိုင်တော့ပေ။ ရိုးသားစွာကြိုးစားသူတစ်ဦးအတွက် သမ္မာအာဇီဝဖြင့် ငွေရနိုင်သည့်နည်းလမ်းများစွာရှိသည်။ မိမိဘဝပေးအခြေအနေ၊ ရှိနေသည့်ပညာ၊ လုပ်နိုင်သည့်အစွမ်းတို့ကို အခြေခံဘဝအတွက်တိုးတက်နိုင်သည့် သမ္မာအာဇီဝအလုပ်ဖြင့် ဝင်ငွေရှာဖွေမည်ဆိုပါက မအောင်မြင်မရှိနိုင်ပေ။ မိမိတွင်ရှိသည့်အရည်အချင်းတို့ကို ကောင်းမွန်စွာအသုံးချ၍ ဆင်းရဲခြင်းလွတ်ကင်းအောင် ရိုးသားစွာကြိုးစားကြရန်လိုသည်။ ရသည့်အလုပ်တွင် ရသည့်ငွေကိုချွေတာစုဆောင်း၍ ရိုးသားစွာ ရှာဖွေကြရမည်ဖြစ်သည်။ သမ္မာအာဇီဝဖြင့် အသက်မွေးသူတိုင်းသည် ငွေကြေးမပြည့်စုံသေးသည့်တိုင် စိတ်ချမ်းသာခြင်းကို ရရှိနိုင်မည်ဖြစ်သည်။

**ကြိုတင်ပြင်ဆင် အောင်ပွဲဝင်**

ဆင်းရဲခြင်းဒဏ်ကို ခံစားနေရသည့်သူတစ်ဦးအတွက် ဆင်းရဲခြင်းမှလွတ်ကင်းအောင် ကြိုးစားရမည်ဖြစ်သည်။ ချမ်းသာခြင်းသည် မိမိထံ အလိုအလျောက်ရောက်လာမည်မဟုတ်သဖြင့် မှန်ကန်သောနည်းဖြင့် ကြိုးစားကြရန်လိုသည်။ သမ္မာအာဇီဝဖြင့် မိမိတွင်ရှိသည့် အရည်အချင်းအပေါ်မူတည်၍ ရသည့်ပစ္စည်းဥစ္စာတို့ကို ကောင်းမွန်စွာစီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်း၊ စုဆောင်းခြင်း၊ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းတို့ဖြင့် ချမ်းသာခြင်းပန်းတိုင်သို့ တက်လှမ်းကြရမည်ဖြစ်သည်။ မိမိရည်မှန်းထားရှိခဲ့သည့် ပစ္စည်းဥစ္စာကုံလုံပြည့်စုံကြွယ်ဝခြင်းပန်းတိုင်သို့ ရောက်ရှိလာသည့်အချိန်တွင်လည်း မိမိတွင်ရှိသော ပစ္စည်းဥစ္စာများကို မည်ကဲ့သို့သုံးစွဲမည်ဆိုသည့် ကြိုတင်ပြင်ဆင်မှုများရှိရန်လိုသည်။ မိမိကိုယ်ကျိုးအတွက် သုံးစွဲရုံသာမက မိမိရှင်သန်ရာ ဝန်းကျင်ကောင်းကျိုးအတွက်လည်း သုံးစွဲတတ်ရန်လိုသည်။ လောဘဖြင့်လည်းကောင်း၊ အတ္တဖြင့်လည်းကောင်း မကောင်းသောနည်းကိုအသုံးပြုကာရှာဖွေခဲ့သည့် ငွေကြေးဖြင့် ချမ်းသာခြင်းကို ရယူပိုင်ဆိုင်သူများအနေဖြင့် ရှိသောငွေကြေးပစ္စည်းဥစ္စာအပေါ်တွင် ဂုဏ်မာနထောင်လွှားကာ ထင်တိုင်းကြဲသည့်ဘဝသို့ ရောက်တတ်သည်။

ဥစ္စာပစ္စည်းကုံလုံကြွယ်ဝသည့်ဘဝကို ရယူပိုင်ဆိုင်ထားသည့်လူများအတွက် ထိုပစ္စည်းဥစ္စာများကို သေသည့်တိုင်အောင် ပိုင်ဆိုင်ထားလိုကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရှာဖွေစုဆောင်းထားသည့်ပစ္စည်းဥစ္စာများ ဆုံးရှုံးသွားနိုင်သည်။ ထိုအချိန်တွင် ဆုံးရှုံးသွားသောပစ္စည်းများအတွက် ပူပင်သောကရောက်ကြသည်က ဓမ္မတာဖြစ်သော်လည်း မည်ကဲ့သို့ပြန်လည်ရှာဖွေရမည်ဆိုသည့် နည်းလမ်းများကို ကြိုတင်ပြင်ဆင်စဉ်းစားထားရန်လိုသည်။ ဆင်းရဲသူသည်လည်း အကြောင်းအမျိုးမျိုးကြောင့် ချမ်းသာမှုကို ရယူပိုင်ဆိုင်သွားနိုင်သည်။ သုံး၍မကုန်လောက်အောင် ချမ်းသာသွားသည့်အခါ ထိုငွေများကို မည်ကဲ့သို့သုံးစွဲရမည်ဆိုသည့် နည်းလမ်းကိုလည်း ပြင်ဆင်ထားရန်လိုသည်။ ထိုကဲ့သို့ ပြင်ဆင်ထားသူအတွက် ဆင်းရဲသည်ဖြစ်စေ ချမ်းသာသည်ဖြစ်စေ ကောင်းမွန်စွာရှင်သန်နေထိုင်နိုင်မည်သာဖြစ်သည်။

**လောကစံကို ရင်ဆိုင်**

ကုဋေရှစ်ဆယ်သူဌေးသားပုံပြင်တွင် သူဌေးသားသည် ငယ်စဉ်က ပညာမသင်ကြားခဲ့သောကြောင့် မိဘများထားခဲ့သည့် စည်းစိမ်ဥစ္စာများကို မှန်ကန်စွာမသုံးစွဲတတ်ဘဲ တောင်းစားရသည့်ဘဝဖြင့် ဘဝဇာတ်သိမ်းသွားရခြင်းဖြစ်သည်။ ပညာဉာဏ်ပြည့်ဝသူဖြစ်ခဲ့ပါမူ ရှိသောဥစ္စာပစ္စည်းများကို မည်ကဲ့သို့သုံးစွဲမည်ဆိုသည့် ပြင်ဆင်မှုရှိခဲ့မည်သာဖြစ်သည်။ ဆင်းရဲသွားသည့်အခါတွင်လည်း ငွေကြေးကို ပြန်လည်ရှာဖွေစုဆောင်းရမည့် နည်းလမ်းများကို ကြိုတင်ပြင်ဆင် စဉ်းစားထားခဲ့မည်သာဖြစ်သည်။ ထိုကဲ့သို့သာ ကြိုတင်ပြင်ဆင်ထားခဲ့မည်ဆိုပါက သူဌေးသားဘဝမှ တောင်းစားရသည့်ဘဝရောက်ရှိကာ ဆင်းရဲစွာအဆုံးသတ်ခဲ့ရသည်။

လူတို့သည် ဥစ္စာပစ္စည်းကြွယ်ဝသည့်ဘဝကို ပိုင်ဆိုင်လိုကြသည်။ သို့ရာတွင် ဆင်းရဲခြင်းဒဏ်ကလည်း ကျီစယ်နိုင်ပေသည်။ သုံး၍မကုန်နိုင်အောင် ချမ်းသာသည့်ဘဝမှ ဆင်းရဲသွားရသည့် ဘဝများလည်းရှိနိုင်သည်။ ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းတို့သည် လောကဓံပင်ဖြစ်သည်ကို သတိပြုမိကြရန်လိုသည်။ လောကဓံ၏သဘောအမှန်ကို သိရှိကာ မည်ကဲ့သို့ ရင်ဆိုင်ကျော်လွှားရမည်ကို သိရှိနားလည်ထားရန်သာလိုသည်။ ဆင်းရဲသည့်အခါ ဆင်းရဲခြင်းကို စိတ်ပျက်အားငယ်ခြင်း အလွန်အကျွံမဖြစ်ကြရန်လိုသည်။ ချမ်းသာသည့်အခါတွင်လည်း ချမ်းသာခြင်းဒဏ်ကို ခံနိုင်ရန်သာလိုသည်။ မိမိချမ်းသာသည့်အခါ မည်ကဲ့သို့နေမည်၊ ဆင်းရဲသည့်အခါ မည်ကဲ့သို့ ကြိုးစားကျော်ဖြတ်ရမည်ကို နည်းလမ်းရှာဖွေခြင်းဖြင့်သာ လောကဓံနှိပ်စက်မှုဒဏ်ကို တုံ့ပြန်ကျော်လွှားနိုင်မည်ဖြစ်သဖြင့် ဉာဏ်ပညာဖြင့်သာ လောကဓံကို အေးဆေးတည်ငြိမ်စွာ ရင်ဆိုင်နိုင်ကြခြင်းဖြင့် တကယ်ချမ်းသာသောဘဝကို ရယူပိုင်ဆိုင်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၉၃၅၃ ဧက စိုက်ပျိုးပြီးစီး၊ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရေဦး ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၉၃၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးမြို့နယ်တွင် ကုလားပဲဧက ၉၂၇၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၃၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကုလားပဲဧက ၉၂၇၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့တွင် ၉၃၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်" ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ရေနံချောင်းမြို့နယ် ဇီးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိန်ပန်းပင်ကျေးရွာအုပ်စု ဇီးပင်ရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဥ္စမအကြိမ်ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၃ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့် အချက်များနှင့် စီမံကိန်းလက်စွဲစာစောင်ပါလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁၆ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဇီးပင်ရိုးကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၃၂၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ်သိန်း ၉၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၁၆ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

# မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ( အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြု ရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင် သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့် အယှက်ပြုခြင်း မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**
**"လွတ်လပ်မျှတ၊ မဲပေးကြ"**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီ အစဉ် (Public Feed–back Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111''




ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်း က ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါ ကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**







## ပျောက်ဆုံးကြောင်း

သီပေါမြို့ အုတ်ကျင်းရပ်ကွက်နေ မောင်သက်နိုင်ဟိန်း (ဘ) ဦးရဲမြင့်(၁၃/သပန(နိုင်)၀၅၃၆၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-784585880

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့ ဟိုပိတ်ကျေးရွာနေ မဝင်းဝင်းစိန် (ဘ) ဦးလောအေး (၁၃/လရန(နိုင်)၂၁၈၁၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

09-696699388

## ဖခင်အမည်အမှန်

ကျောက်ဆည်မြို့နယ် အထက-သံရွာကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မရွှေစင်ဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်း ဖြစ်ပါကြောင်း။

ဦးသိန်း

(၉/နထက(နိုင်)၁၆၈၈၅၆)




## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကြီးရပ်ကွက်၊ အရှေ့ဆင်တိုင်ရပ်အတွင်းရှိ အရှေ့လားသော် ဦးအောင်မြေအစပ်၊ အနောက်လားသော် ရွာလမ်းမကြီး၊ တောင်လားသော် ဦးမင်းမြေအစပ်၊ မြောက်လားသော် ဦးမြမောင်မြေအစပ် နယ်လေးရပ်အတွင်းရှိ တောင်မြောက် ၂၇ ပေ၊ အရှေ့အနောက် ၅၇ ပေကျယ်ဝန်းသောမြေနှင့် မြေပေါ်ရှိ ၂x၃ ခန်း၊ RC နှစ်ထပ်ခွဲအဆောက်အဦနှင့် ရေ+မီတာအပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို လက်ရှိနေထိုင်ပိုင်ဆိုင်ကြောင်း၊ အမွေဆိုင်အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးတင်လင်း (ဘ) ဦးပွား(၉/အမရ(နိုင်)၁၀၈၄၉၉)နှင့် ဒေါ်မေတင် (ဘ) ဦးထွန်းသိန်း(၉/အမရ(နိုင်)၁၆၃၅၇၃)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးသိန်းဇော် (ဘ) ဦးညွန့်ရှောင်(၅/ခဥန(နိုင်)၀၇၃၆၉၂)နှင့် ဒေါ်ဖြူဖြူဝင်း (ဘ) ဦးမြင့်ဌေး(၅/ရဘန(နိုင်)၁၆၀၃၀၇)ကိုင်ဆောင်သူတို့မှ ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါမြေနှင့်အဆောက်အဦးအား ရောင်းချခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စိုးလွင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ၊
(စဉ်-၁၅၄၉၆၊ ၂၇-၆-၂၀၁၉) 09-677260433, 09-402757284

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**အဖိုးတန် ရေချိုကို ချွေတာပါ**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm။
Website Address - http://www.accm.gov.mm

❖ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်သည် ဆရာများ၏ ပညာအရည်အချင်းနှင့် စိတ်စေတနာအပေါ်တွင် တည်မှီနေခြင်းကြောင့် မောင်တို့မယ်တို့အနေဖြင့် ဆရာများတွင် ရှိအပ်သော ဆရာ့ဂုဏ်အင်္ဂါ ခုနစ်ပါးဖြစ်သည့် ရှိသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခြင်းထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေပါက အမုန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသော သဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်း စသည့် ဂုဏ်များနှင့် ပြည့်စုံကြရန်လိုအပ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတု၊ သန်လျင်ရေနံချက်စက်ရုံ ရာပြည့်နှင့် စွမ်းအင်ပြတိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွမ်းအင်ပြတိုက် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၄**

စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတု၊ သန်လျင်ရေနံချက်စက်ရုံ ရာပြည့်နှင့် စွမ်းအင်ပြတိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံ ၄၉၄ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများကို ထပ်မံချိပ်ပိတ်သိမ်းဆည်း**

စာမျက်နှာ - ၂၄

